မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇွန် ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၆၅)

ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ဆိပ်ခံဖောတံတားများ ပြင်ဆင်ပြီးစီးမှုနှင့် ရေယာဉ်များဖြင့် ကုန်စည်သယ်ဆောင်နေမှုများ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြစ်ကြောင်းတစ်လျှောက်ရှိ ဆိပ်ခံဖောတံတားများ ပြင်ဆင်ပြီးစီးမှု၊ မြစ်ဝကျွန်းပေါ်မှ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်သို့ ကုန်စည်များ ပုံမှန်သွက်လက်မြန်ဆန်စွာ စီးဆင်းနေမှုနှင့် မြစ်ကြောင်းတစ်လျှောက်၌ ရေယာဉ်များ ပုံမှန်သွားလာနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်

စာမျက်နှာ ၉ ကော်လံ ၃ ■

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဥ္စမအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဥ္စမအစည်းအဝေးကို ၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း ၈ရက်၊ ၉ရက် (၂၀၀၈ ခုနှစ် ဇူလိုင် ၁၀ရက်၊ ၁၁ရက်) ကြာသပတေးနေ့နှင့် သောကြာနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၄ ရက် (၂၀၀၈ ခုနှစ် ဇူလိုင် ၆ ရက်) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ရာ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်းဖြင့် သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှတ်(၁)လှည်းတန်းဖောတံတား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှတ်(၁) လှည်းတန်းဖောတံတား ပြင်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်သူခင်းပေးတဲ့ ဒီမိုကရေစီလမ်းပေါ် ဖြောင့်မတ်စွာ လျှောက်ကြပါစို့

မြန်မာ့အလင်း
ဆောင်းပါး
အညွှန်း

ပြည်သူက မြန်မာ့ဒီမိုကရေစီလမ်းကို အခုလို ခင်းပေးခဲ့ပြီဖြစ်တယ်။ ပြည်သူအများစုဆန္ဒကို လေးစားလိုက်နာခြင်းဟာ ဒီမိုကရေစီအဆန်ဆုံးဖြစ်တယ်။ ပြည်သူ့ဆန္ဒကို ကဖျက်ယဖျက်မလုပ်သင့်ကြပါ။ ပြည်သူ့ဆန္ဒကို ဆန့်ကျင်နောင့်ယှက်ခြင်းဟာ မိမိတို့ကိုယ်မိမိတို့ ပြည်သူ့ရန်သူအဖြစ် သတ်မှတ်ရာရောက်သွားမှာပါ။

ဦးပြေကျော်၏ ဆောင်းပါး စာ - ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၂၆ ရက်)

လယ်ယာကဏ္ဍထုတ်လုပ်မှု မြင့်မားတိုးတက်ရေး နည်းစနစ်များနှင့်အညီ စိုက်ပျိုးရေးပညာပေး

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သာမန်တည်ဆောက်ရေးသာ မဟုတ်ဘဲ ဒေသဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ဖော်ဆောင်လျက်ရှိသည်။ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများက တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ဟန်ချက်ညီညီ လက်တွဲကြိုးပမ်းဆောင်ရွက် လျက်ရှိသည်။

ဧရာဝတီတိုင်းအတွင်း မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် စိုက်ပျိုးမြေဧကသည် တစ်တိုင်းလုံးနှင့်ယှဉ်ပါက အနည်းစုသာ ဖြစ်ကြောင်း သိရှိရသည်။ ယခုအခါ လေဘေးသင့်ဒေသများ၌ စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် ရေလွှမ်းဒေသများ၊ ဆားငန်ရေဝင်ရောက်သည့် ဒေသများ၌ ရေငန်တားတာများ၊ ရေတံခါးများပျက်စီးမှုကို ပြုပြင်ပေးခဲ့သဖြင့် လယ်ယာလုပ်ငန်းများ စတင်လုပ်ဆောင် နေကြပြီ ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍ၌ စက်မှုလယ်ယာကူးပြောင်းရေးကို အလေးထားပြီး စိုက်ဧကများ အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာ လုပ်ငန်းခွင်သုံးကိရိယာနှင့် နည်းပညာများ ဝိုင်းဝန်းပံ့ပိုးပေးလျက်ရှိသည်။

ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ငပုတောမြို့နယ်တို့သို့ လယ်ထွန်စက်များ၊ မျိုးစေ့နှင့်ဓာတ်မြေဩဇာများ၊ စက်သုံးဆီများ ထောက်ပံ့ပေးပို့လျက်ရှိရာ မြေပြုပြင်ခြင်း၊ ထွန်ယက်ခြင်း၊ ပျိုးကြဲစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်သည်။

မိုးရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာသုံးပစ္စည်း၊ စက်ကိရိယာများ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူလယ်သမားများကလည်း လယ်ယာလုပ်ငန်းများကို အားထုတ်ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် စိုက်ဧကများ ရာနှုန်းပြည့် စိုက်ပျိုးလာနိုင်မည် ဖြစ်သည်။

နိုင်ငံတော်က လေဘေးသင့်ဒေသများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်သူများအပါအဝင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ အဆိုပါဒေသများ၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လူမှုရေးတို့ကအစ တိုးတက်မှုရလဒ်ကောင်းများ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

လေဘေးသင့်ဒေသများ၌ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ စိုက်ဧကများ အပြည့်အဝ စိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်ရေးတို့အတွက် တောင်သူလယ်သမားများအား စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များ မှန်ကန်စွာအသုံးချရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ပညာပေးစည်းရုံးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက် ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှိုင်မြို့နယ် မာလာမြိုင်ဇလမ်း အမှတ် ၃နေ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးစန်းထွန်းဝင်း-ဒေါ်အေးအေးမြင့်၊ သားကြီး မောင်ဝင်းမင်းထွန်း၊ သားငယ် မောင်ဘုန်းမြတ်မင်း မိသားစုက (၁၀)နှစ်မြောက်မင်္ဂလာအဖြစ် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်း၊ ဦးဟံသွန့်၊ ဦးဘချိုနှင့် ဦးအေးမြင့်တို့က လက်ခံယူကြသည်။**(အောက်ပုံ)**

(က-ပ)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းသင့်ပြည်သူများအတွက် ကမန်တိုင်းရင်းသားမျိုးနွယ်စုများက ငွေကျပ်၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျွန်းကလေးမြတ်သန္ဒာ မဟာစည်ရိပ်သာ တရားစခန်း

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးမြတ်သန္ဒာ မဟာစည်ရိပ်သာ၌ ဇူလိုင် ၁၀ရက်မှ ၁၇ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားများကို အခြေခံမှစ၍ ကျကျနန သိရှိနားလည်နိုင်စေရန် အရှင်သိရိန္ဒဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယက ဟောကြားပြသမည် ဖြစ်သည်။

ဆက်သွယ်စာရင်းပေးနိုင်

တရားစခန်းဝင်လိုသော ယောဂီများသည် ရိပ်သာဖုန်း-၇၀၇၄၉၇၊ ၀၉-၅၁-၇၆၅၇၃နှင့်၀၉-၅၁-၇၆၅၇၅တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ မုန်တိုင်းသင့်ပြည်သူများအတွက် ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၂၅

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းဒေသအသီးသီးမှ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင် ပြည်သူများက ငွေကျပ်၅၇၅၈၆၅၀တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၃၇၃၇၈၇၀ အပါအဝင် စေတနာရှင် ပြည်သူများ၏ ယမန်နေ့က လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၉၄၉၆၅၂၀ဖြစ်ပြီး ဇွန်၂၄ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၃၀၄၀၈၈၁၃၆၉ ကျပ်ရှိပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၅

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၇၄ဒသမ၅၈တန်၊ မလေးရှားနိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း၇၈ ဒသမ၄၅တန်နှင့် စပိန်နိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၁၄ဒသမ၉၆ တန်တို့သည် ယမန်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၆-၆-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၂၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၄း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့ မွေးရပ်မြေ** (အပိုင်း-၇)
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုန်နဲ့ဘောက်** (အပိုင်း -၁၂)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၂၁)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ ၂၀၀၈ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု အလှူရှင်များက အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၂၅

၂၀၀၈ ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသည့် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ၂၀၀၈ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ငါးသိန်း၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ငွေကျပ် ငါးသိန်း၊ ဦးနော်အောင် မိသားစု အောင်ချမ်းသာပုံနှိပ်လုပ်ငန်းက ငွေကျပ်သိန်း ၂၀၊ ဦးမျိုးမင်းမင်းစိုး-သီရိသုဓမ္မသိင်္ဂီ ဒေါ်အိကေသွယ်မင်း(Elite Geonet Co., Ltd.)ကငွေကျပ်ငါးသိန်း၊ ဦးမြတ်သင်းအောင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်မြင့်မြင့်(လူမှုထူးချွန်ပထမဆင့်)(A.A Group of Company)က ငွေကျပ်ငါးသိန်း၊ ဦးဇော်မိုးခိုင် - ဒေါက်တာစောနေနွယ် (A.A Medical Products Co.,Ltd.)က ငွေကျပ်၁၀သိန်း၊ ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့် KSS နတ်သုဒ္ဓါဒံပေါက်က ငွေကျပ်ငါးသိန်း၊ ဦးအောင်သန်းမြင့်-ဒေါ်ယုယုဝင်းကငွေကျပ်ငါးသိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ-ဒေါ်သိန်းဆိုင်(စာရေးဆရာမကြီး မမြတ်လေး)မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးလှဌေး-ဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်)က ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးဇော်မင်း-ဒေါ်တင်မြင့် အမှတ် ၃၀ အင်းလျားမြိုင်လမ်း (Sony VA 70 Laptop, md: VGN-SZ 680 SV. 300148)က ငွေကျပ်သိန်း၂၀နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း၃၀၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတို့ကငွေကျပ်သုံးသိန်းစီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ကငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့က လက်ခံကြသည်။

ထို့နောက် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ဝန်ကြီးဌာနများနှင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ငွေကျပ်၅၄သိန်းနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အပါအဝင် အလှူရှင် ၁၂ဦးတို့က Sony Laptop တစ်လုံး၏တန်ဖိုး အပါအဝင် ငွေကျပ် ၉၂၅၀၀၀၀ စုစုပေါင်း ငွေ ကျပ် ၁၄၆၅၀၀၀၀ တို့ကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ကြင်မြိုင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3 rd July 2008

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲနေပြည်တော်၌ကျင်းပ

နေပြည်တော် ဇွန် ၂၅

၂၀၀၈ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သပြေကုန်းအဝိုင်း အနီး၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဒေါ်နီလာသော်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲအခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် ခရိုင်အတွင်းရှိ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၀၀တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၀၈ခုနှစ် ဇူလိုင်၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ လှည်းတန်းလမ်းဆုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ ကမာရွတ်မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၆၀၀ခန့် တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ကြင်မြိုင်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ဖွင့်လှစ် ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

26-6 (03).pmd 1 6/26/2008, 3:25 AM

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

ဟောင်ကောင် ဇွန် ၂၅

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇွန် ၂၅ရက်ကဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၀ ̊C	လေပြင်းတိုက်၊ မိုးရွာ
တောင်ကိုရီးယား	ဆိုးလ်	၂၆ ̊C	တိမ်ထူထပ်
ဂျပန်	တိုကျို	၂၇ ̊C	တိမ်ထူထပ်
ဖိလစ်ပိုင်	မနီလာ	၃၂ ̊C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟနွိုင်း	၃၃ ̊C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၅ ̊C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃ ̊C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၂ ̊C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၂ ̊C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၆ ̊C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၂ ̊C	မြူဆိုင်း
သြစတြေးလျ	ဆစ်ဒနီ	၁၉ ̊C	သာယာ

(အင်တာနက်)

ဂျွန်မက်ကိန်း၏အကြံပေး လွဲမှားစွာ မှတ်ချက်ချမှု လက်ရှိနိုင်ငံရေးပြောင်းပစ်ရန် အိုဘားမားထောက်ပြ

ဝါရှင်တန် ဇွန် ၂၅

အမေရိကန်မြေပေါ်၌ အကြမ်းဖက်မှု ထပ်မံဖြစ်ပွားခြင်းဖြင့် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းအတွက် များစွာအကျိုးရှိမည်ဟု မဂ္ဂဇင်းတစ်စောင်သို့ မှတ်ချက်ချပြောဆိုမိသည်ကို ဝမ်းနည်းမိပါကြောင်း ဂျွန်မက်ကိန်း၏ ထိပ်တန်းအကြံပေး ချာလီဘလက်က ဝန်ချတောင်းပန်လိုက်သည်။

မပြောသင့်သည်တို့ကို မိမိမှတ်ချက်ချပြောဆိုမိသည့်အတွက် ယူကျုံးမရဖြစ်မိကြောင်း၊ ဂျွန်မက်ကိန်းအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် သူ့ဘဝအား မြှုပ်နှံထားသည်ကိုလည်း မိမိအသိအမှတ်ပြုကြောင်း၊ နိုင်ငံတော်လုံခြုံရေးကို သူဦးစားပေးသည်ကိုလည်း မိမိသိရှိပါကြောင်း မက်ကိန်း၏ ထိပ်တန်းအကြံပေး ချာလီဘလက်က ရှင်းလင်းပြောကြားသည်။

ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်း(ယာပုံ)ကလည်း မစ္စတာဘလက်ထိုသို့ဝေဖန်ပြောဆိုသည်ကို မိမိနားမလည်နိုင်အောင်ရှိကြောင်း၊ ထိုဝေဖန်ချက်မှာလည်း မမှန်ကန်ကြောင်း ပြောကြားသည်။

ကြိုးပမ်းခဲ့

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်က အမေရိကန်နိုင်ငံ မြို့ကြီးများ အကြမ်းဖက်တိုက်ခိုက်ခံရပြီးကတည်းက အမေရိကန်ပြည်ထောင်စုကို အလားတူ ထပ်မံအကြမ်းဖက်တိုက်ခိုက်မခံရလေအောင် မိမိသည် မနားမနေကြိုးပမ်းခဲ့ကြောင်း ဂျွန်မက်ကိန်းက ရှင်းလင်းပြောကြားသည်။

ဝေဖန်ပြောကြား

ယင်းကိစ္စနှင့်ပတ်သက်၍ ဂျွန်မက်ကိန်းနှင့် ပြိုင်ဘက်ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအိုဘားမားက ဝေဖန်ပြောကြားရာ၌ အမေရိကန်မြေပေါ်၌ အကြမ်းဖက်မှုနောက်ထပ်ဖြစ်ပွားခြင်းဖြင့် ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်မည့် ဂျွန်မက်ကိန်းကို များစွာအကျိုးဖြစ်မည်ဟူသော ဂျွန်မက်ကိန်း၏ ထိပ်တန်းအကြံပေးမစ္စတာဘလက်၏ ပြောကြားချက်မှာ လုံးဝလက်မခံနိုင်စရာဖြစ်ကြောင်း ပြောကြားသည်။

ထောက်ပြပြောကြား

မိမိတို့နိုင်ငံ၌ ဤကဲ့သို့ နိုင်ငံရေးမျိုး မရှိသင့်တော့သည့်အတွက် ပြုပြင်ပြောင်းလဲပစ်ရန်လိုအပ်ကြောင်းကို အထင်အရှားပြသနေပြီဟုလည်း အိုဘားမားက ထောက်ပြပြောကြားသည်။ **(အင်တာနက်)**

မော်ဂန်ရှန်ဂီရိုင်း ဒတ်ချ်သံရုံးမှထွက်ခွာမည်ဟုကြေညာ ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲ မူလအတိုင်းကျင်းပမည်

ဟာယာရေး ဇွန် ၂၅

ဇင်ဘာဘွေ အတိုက်အခံခေါင်းဆောင် မော်ဂန်ရှန်ဂီရိုင်းက ၂၄ နာရီအတွင်း လက်ရှိ၄င်းခိုလှုံနေသည့် ဒတ်ချ်သံရုံးမှ ထွက်ခွာမည်ဖြစ်ကြောင်း ကြေညာသည်။

ခိုလှုံခဲ့

ထပ်မံကျင်းပမည့် ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲတွင် ပါဝင်မယှဉ်ပြိုင်တော့ကြောင်း ကြေညာပြီးနောက် ဇွန်၂၂ ရက်ညက ဟာယာရေးရှိ ဒတ်ချ်သံရုံးသို့ မစ္စတာရှန်ဂီရိုင်း ခိုလှုံခဲ့ခြင်းဖြစ်သည်။

အာမခံချက်

၄င်းလုံခြုံရေးနှင့် ပတ်သက်၍ တာဝန်ယူကြောင်း ဇင်ဘာဘွေအာဏာပိုင်များထံမှ ဒတ်ချ်သံအမတ်ကြီးက အာမခံချက်ရရှိထားသည်ဟုလည်း ရှန်ဂီရိုင်းက ပြောကြားသည်။

ဇင်ဘာဘွေ၌ လက်ရှိအခြေအနေအရ တရားမျှတသည့် ရွေးကောက်ပွဲမဖြစ်နိုင်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇွန်၂၃ ရက်တွင် တညီတညွတ်တည်း ကြေညာသော်လည်း ဇွန် ၂၇ ရက်၌ ကျင်းပမည့် သမ္မတရွေးကောက်ပွဲကို မူလအတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဇင်ဘာဘွေ သံအမတ်ကြီး ဘိုနီဖေ့ချီရာဆီဘူး ကပြောကြားသည်။ **(အင်တာနက်)**

အိုလံပစ်ပြပွဲ

တရုတ်နိုင်ငံ ရှန်ယန်ပြည်နယ်၌ ကမ္ဘာ့အိုလံပစ်ယှဉ်ကျေးမှုပြပွဲတွင် အမျိုးသားအားကစားရုံ ပုံစံငယ်ကို ပြသထားရာ လာရောက်ကြည့်ရှုသူများအား ဇွန် ၂၄ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဈူကလီးယား လျှို့ဝှက်ဂိုဏ်း၏ပွဲစား ဖမ်းဆီးထားရာမှ မလေးရှားရဲ ပြန်လွှတ်

ကွာလာလမ်ပူ ဇွန် ၂၅

ရာထူးဂုဏ်သိမ်ဆုံးရှုံးရသည့် ပါကစ္စတန်အဏုမြူသိပ္ပံပညာရှင် အေကျူခန်းဦးဆောင်သည့် ဈူကလီးယား လျှို့ဝှက်ရောင်းချရေးဂိုဏ်းတွင် ကြားလူပွဲစားအဖြစ် စွပ်စွဲခံရသူ အဘူတာဟာကို ဖမ်းဆီးထားရာမှ လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း မလေးရှားအစိုးရက ဇွန် ၂၄ရက်၌ ကြေညာသည်။

ဖမ်းဆီး

သီရိလင်္ကာလုပ်ငန်းရှင် မစ္စတာတာဟာအား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ၂၀၀၄ခုနှစ် မေလအတွင်းက ဖမ်းဆီးခဲ့သည်။ မစ္စတာတာဟာသည် သိပ္ပံပညာရှင် အေကျူခန်း၏ ငွေကြေးအရာရှိချုပ်နှင့်ငွေမည်းကို တရားဝင်ဖြစ်အောင် ခဝါချပေးသူဖြစ်သည်ဟု သမ္မတဘုရှ်က စွပ်စွဲပြောကြားခဲ့သည်။

မစ္စတာတာဟာသည် နိုင်ငံတော်လုံခြုံရေးကို မခြိမ်းခြောက်တော့ကြောင်း မလေးရှားပြည်ထဲရေးဝန်ကြီး ဆာယက်ဟာမစ်က ကြေညာသည်။ သို့သော် ရဲဌာနသို့ အပတ်စဉ်သွားရောက် လက်မှတ်ရေးထိုးရမည်ဟု ဆိုသည်။ **(အင်တာနက်)**

တူရကီနိုင်ငံ ဂါဇန်တပ်ပြည်နယ်၌ ရထားနှင့်မီနီဘတ်စ်ကားတို့ တိုက်မိသည်ကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။
(ယင်းဖြစ်ပွားမှုကြောင့် ခရီးသည် ၁၁ ဦး သေဆုံးခဲ့ရသည်။) (အင်တာနက်ဓာတ်ပုံ)

အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲ အီရန်၌ ကျင်းပ

တီဟီရန် ဇွန် ၂၅

အီရန်နိုင်ငံ တီဟီရန်မြို့ရှိ အနုပညာတီထွင်မှုစင်တာတွင် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲကို စတင်ကျင်းပနေပြီ ဖြစ်သည်။

ယင်းပြပွဲတွင် ပြည်တွင်းပြည်ပမှ ခရီးသွား အဖွဲ့အစည်းများ၊ ခရီးသွားအသုံးအဆောင်ပစ္စည်းများ၊ ခရီးသွားအေဂျင်စီများကို ပြည်သူများအား မိတ်ဆက်ပြသနိုင်ပြီး အီရန်နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ပြပွဲစီစဉ်ကြီးကြပ်သည့် အိတ်စ်ပို့ကစ်ရှ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။**(အင်တာနက်)**

အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျား တိုက်ဖျက်ရေး အင်ဒိုနီးရှားနှင့် ဂျာမနီတို့ သဘောတူညီ

ဂျကာတာ ဇွန် ၂၅

အေအိုင်ဒီအက်စ်၊ တီဘီနှင့်ငှက်ဖျားရောဂါများ တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ၇၂ဒသမ၆သန်း ပမာဏရှိသည့် ရန်ပုံငွေတစ်ရပ်ထူထောင်ရန် အင်ဒိုနီးရှားနှင့်ဂျာမနီနိုင်ငံတို့ ဇွန် ၂၃ရက်က သဘောတူညီလိုက်ကြသည်ဟု အင်ဒိုနီးရှားဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ ရာမက်ဝါလူယန်က ပြောကြားသည်။

ပယ်ချ

အင်ဒိုနီးရှားအစိုးရအနေဖြင့် အဆိုပါရောဂါများ တိုက်ဖျက်ရေးစီမံကိန်းအတွက် ယူရိုငွေ သန်း၅၀ထည့်ဝင်မှုကို ဂျာမနီကပယ်ချခဲ့ပြီး ထက်ဝက်စီခွဲဝေထည့်ဝင်ကြရန် သဘောတူညီခဲ့ကြသည်။

ဆက်လက်ပြောကြား

အဆိုပါရောဂါများသည် ပြည်သူများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရန်ပုံငွေအသစ်တစ်ရပ် ထူထောင်ခြင်းဖြစ်ကြောင်း ရာမက်ဝါလူယန်က ဆက်လက်ပြောကြားသည်။

ထုတ်ချေးသွားမည်

အင်ဒိုနီးရှားနိုင်ငံတွင် အေအိုင်ဒီအက်စ်နှင့် ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ များပြားလျက်ရှိပြီး နှစ်စဉ်၄င်းရောဂါများဖြစ်ပွားသူဦးရေ မြင့်တက်လျက်ရှိသည်။ ဂျာမနီနိုင်ငံက ရန်ပုံငွေအပြင် ရောဂါတိုက်ဖျက်ရေးအတွက် ယူရိုငွေ၁၄၃ ဒသမ ၅၆သန်း ထုတ်ချေးသွားမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါလက်စတိုင်း ဥပဒေစိုးမိုးရေးညီလာခံ ဘာလင်၌ ကျင်းပ

ဘာလင် ဇွန် ၂၅

ပါလက်စတိုင်း အာဏာပိုင်အဖွဲ့၏ တရားဥပဒေ စိုးမိုးရေးစနစ် ခိုင်မာရေးအတွက် ရန်ပုံငွေရှာကြံရန် ဘာလင်မြို့၌ နိုင်ငံပေါင်း၄၀ကျော်မှ ကိုယ်စားလှယ်များ တွေ့ဆုံကြသည်။

ပါလက်စတိုင်းရဲတပ်ဖွဲ့၊ တရားသူကြီးများ၊ တရားရုံးများနှင့် အကျဉ်းထောင်များ အခြေအနေတိုးတက်ရေးကို ဖော်ဆောင်ပေးမည့် ဘာလင်ညီလာခံဖြစ်သည်ဟု ဆိုသည်။

သဘောတူညီ

ပါလက်စတိုင်းတို့ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်ခြင်းသည် အစ္စရေးတို့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှု တစ်ရပ်ရရှိရေးကို အထောက်အကူ ဖြစ်စေနိုင်ကြောင်း အရှေ့အလယ်ပိုင်း အထူးသံတမန် တိုနီဘလဲက ပြောကြားသည်။

သတ်မှတ်

အဆိုပါ ညီလာခံ၌ အလှူရှင်နိုင်ငံများ ပြီးခဲ့သည့်နှစ်က ထည့်ဝင်မည်ဆိုသည့် ရန်ပုံငွေ ဒေါ်လာခုနစ်ဘီလီယံမှ ဒေါ်လာ ၁၈၇သန်းသုံးစွဲရန် သတ်မှတ်လိုက်သည်။

(အင်တာနက်)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၅-၆-၂၀၀၈

အီရန်နှင့် ရုရှားတို့ ခရီးသည်တင်လေယာဉ် ပူးပေါင်းထုတ်လုပ်မည်

တီဟီရန်မြို့နှင့် မော်စကိုမြို့သို့ ပျံသန်းပြေးဆွဲမည့် ခရီးသည် ၁၀၀ တင်ဆောင်နိုင်သည့် တီယူ-၂၀၄နှင့် တီယူ-၂၁၄ လေယာဉ်ကို နှစ်နိုင်ငံ ပူးပေါင်းထုတ်လုပ်မည်ဖြစ်ကြောင်း အီရန်နိုင်ငံ ရုပ်မြင်သံကြား သတင်းက ဇွန်၂၂ ရက်တွင် ဖော်ပြသည်။

အဆိုပါ လေယာဉ်ထုတ်လုပ်မှု၌ ရုရှားနိုင်ငံမှ နည်းပညာကျွမ်းကျင်သူ ပညာရှင်နှင့် အီရန်နိုင်ငံမှ လေကြောင်းဆိုင်ရာ စက်မှုကဏ္ဍအဖွဲ့အစည်း (အိုင်အေအိုင်အို) တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း (အိုင်အေအိုင်အို)မှ ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးက ပြောကြားသည်။

ယင်းတီယူ-၂၀၄နှင့် တီယူ-၂၁၄ လေယာဉ်ထုတ်လုပ်မှု ကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ ၂ဒသမ၅ဘီလီယံ ရင်းနှီးမြှုပ်နှံကာ ၂၀၀၉ခုနှစ်တွင် နှစ်နိုင်ငံ သဘောတူ လက်မှတ်ရေးထိုးမည်ဖြစ်ပြီး ၂၀၁၀ပြည့်နှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

လက်တင်အမေရိက၌ သန်းကြွယ်သူဌေးအများဆုံး ဘရာဇီးနိုင်ငံဖြစ်လာ

လက်တင်အမေရိကရှိ နိုင်ငံများတွင် ဘရာဇီးနိုင်ငံမှာ သန်းကြွယ်သူဌေး အများဆုံး နိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့ကြောင်း၊ အမေရိကန်ဘဏ် မာရီလိုင်းရစ်၏ လေ့လာဆန်းစစ်မှု အစီရင်ခံစာ၌ ဖော်ပြသည်။

ကမ္ဘာ့ပေါ်တွင် လက်ရှိ အချိန်၌ သန်းကြွယ်သူဌေး ဦးရေမှာ ၁၀သန်း ကျော်လာပြီဖြစ်ကြောင်း၊ ယင်းမှာ ၂၀၀၆ ခုနှစ်ကထက် ၆ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ဘရာဇီးနိုင်ငံအနေဖြင့်လည်း သန်းကြွယ်သူဌေးဦးရေ မြင့်တက်လာမှုမှာ ၁၉ရာခိုင်နှုန်းရှိကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြသည်။

အတွင်းမွန်ဂိုလီးယား၌ ရုဟတ်ယာဉ်နှစ်စင်းပျက်ကျ

တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုဟွတ်မြို့အနီးတွင် ရဟတ်ယာဉ်နှစ်စင်း ပျက်ကျခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ရဟတ်ယာဉ် မောင်းနှင်သည့် လေယာဉ်မှူးများမှာ လေထီးဖြင့် ခုန်ချလွတ်မြောက် သွားခဲ့ကြောင်း၊ ယင်းရဟတ်ယာဉ်များမှာ စစ်ဘက်ဆိုင်ရာမှ ပိုင်ဆိုင်သည့် ရဟတ်ယာဉ်များဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယား၌ မူးယစ်ဆေးဝါး ကီလို ၂၀၀ မီးရှို့ဖျက်ဆီး

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဖြစ် မူးယစ်ဆေးဝါးကီလို ၂၀၀ ကို ကမ္ဘောဒီးယား အာဏာပိုင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း ကမ္ဘောဒီးယား မူးယစ်တိုက်ဖျက်ရေးအဖွဲ့က ပြောကြားသည်။

နိုင်ငံအတွင်း မူးယစ်ကင်းစင်ရေး ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ တရားမဝင်မူးယစ်မှောင်ခိုကုန်ကူးခြင်းနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုများကို အရှိန်အဟုန်ဖြင့် တိုက်ဖျက်လျက်ရှိကြောင်း ယင်းအခမ်းအနားတွင် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် ဆာခေါင်က ပြောကြားသည်။

မလေးရှား၌ စက်လှေ နစ်မြုပ်မှုဖြစ်ပွား

မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟာပြည်နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် စက်လှေနစ်မြုပ်မှု ဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း နယူးစထရိတ်တိုင်းမ် သတင်းစာက ဖော်ပြသည်။

ယင်းစက်လှေမှာ မလေးရှားနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများ သယ်ဆောင်လာသည့် စက်လှေဖြစ်ကြောင်း၊ လှေပေါ်တွင် ခရီးသည် ၁၄ဦး လိုက်ပါလာကြောင်း၊ သေဆုံးသူ ငါးဦးတွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီး နှစ်ဦးနှင့် ကလေးငယ် တစ်ဦးဖြစ်ကြောင်း၊ ၎င်းတို့အား တန်ကျင်းပီနာဝါ ကမ်းခြေအနီးမှ ရေလုပ်သားများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်း၌ ပါရှိသည်။



လဂြိုဟ်လေ့လာရေး အာကာသယာဉ်သစ်များ တည်ဆောက်မည်

လာမည့်နှစ်အနည်းငယ်အတွင်း နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် လဂြိုဟ်များသို့ အာကာသယာဉ်များ ပိုမိုစေလွှတ်သွားမည်ဖြစ်ကြောင်း နာဆာက ဇွန်၂၅ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ပြင်ဆင်

အာကာသယာဉ်အသစ်များ ထုတ်လုပ်ရေးအတွက် အလုပ်သမားဦးရေ ၃၀၀၀၀ မှ ၄၀၀၀၀အထိ လိုအပ်မည်ဖြစ်ရာ အာကာသခရီးစဉ်သစ်များအတွက် ဖြည့်ဆည်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ နာဆာသည် ၂၀၁၀ပြည့်နှစ်တွင် လဂြိုဟ်လေ့လာရေး ခရီးစဉ်သစ်များ အကောင်အထည်ပေါ်လာရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

လဂြိုဟ်တွင် သက်ရှိများနေထိုင်နိုင်ရေး အတွက် လေ့လာရန် အာကာသယာဉ်များနှင့် ၎င်းအာကာသယာဉ်များကို သယ်ဆောင်သွားမည့် အာကာသဒုံးပျံအသစ်များ(အပေါ်ပုံ) တည်ဆောက်ရေးအတွက်လည်း စတင်စီစဉ်နေပြီဖြစ်သည်။

ကြိုးစား

၂၀၁၅ ခုနှစ်၌ အာကာသလေ့လာမှုများနှင့်ပတ်သက်ပြီး အခြေခံအဆင့်ပြီးဆုံးသည်အထိ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်ဟု နာဆာက ပြောကြားသည်။ (အင်တာနက်)

အာကာသသိပ္ပံ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ရွေးကောက်ပွဲ စောကျင်းပရေး ရှောင်လွှဲရန် လေဘာပါတီနှင့် ဝန်ကြီးချုပ် အိုလ်မတ်သဘောတူ

ဂျေရုဆလင် ဇွန် ၂၅

အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်သည် လေဘာပါတီနှင့် နောက်ဆုံးအချိန် ကပ်ပြီး သဘောတူညီမှုရယူကာ ရွေးကောက်ပွဲစောကျင်းပရေးကို ရှောင်လွှဲနိုင်လိုက်ကြောင်း သိရသည်။

ပါလီမန်ဖျက်သိမ်းပေးရေး အတိုက်အခံတို့၏အဆိုကို လေဘာပါတီခေါင်းဆောင် ကာကွယ်ရေးဝန်ကြီး အီဟုဘာရက်က ထောက်ခံခြင်းမပြုရန် သဘောတူညီလိုက်ခြင်း ဖြစ်သည်။

သို့သော် အပြန်အလှန်အားဖြင့်မူ ဝန်ကြီးချုပ်အိုလ်မတ်က သူ့ပါတီ ကာဒီနာ၏ ခေါင်းဆောင်သစ် ရွေးချယ်ရေးအတွက် စက်တင်ဘာလတွင် ပါတီညီလာခံ ခေါ်ပေးရမည် ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာမှုခင်းဖြစ်ရပ်

အမြတ်တနိုး တန်ဖိုးထားခဲ့ပါသော်လည်း ...

ပူးဘန်းမြို့လေးသည် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်တွင် ရှိသော အတန်အသင့်စည်ကားသည့် မြို့လေးတစ်မြို့ဖြစ်သည်။ လူဦးရေအသင့်အတင့်သာနေထိုင်သဖြင့် အေးချမ်းစိတ်ငြိမ်သည့်မြို့လေးဖြစ်သည်။ ထိုမြို့လေးတွင် ၂၀၀၆ခုနှစ် ဇန်နဝါရီလဆန်းပိုင်းက အံ့အားသင့်ဖွယ်ကောင်းသော မှုခင်း တစ်ရပ် ဖြစ်ပွားခဲ့သည်။

ပြောင်းရွှေ့

ထိုမြို့လေးရှိ ဟော့ပ်ကင်တန်အရပ်သို့ ၂၀၀၅ခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် အသက် ၂၇နှစ်ရှိ အမျိုးသားဖြစ်သူ နေးလ်အင်တွစ်စတယ်လ်၊ ဇနီးဖြစ်သူအသက် ၂၇နှစ်ရှိ ရာချယ်နှင့် ငါးလအရွယ်ရှိ သမီး လီလီယန်ရို့စ်**(ယာပုံ)**တို့ ပြောင်းရွှေ့လာရောက် နေထိုင်ခဲ့ကြသည်။ သူတို့ဇနီးမောင်နှံ နှစ်ဦးသည် အချင်းချင်း ချစ်ခင်ကြင်နာကြသကဲ့သို့ သူတို့၏သမီးလေးဖြစ်သည့် လီလီယန်ရို့စ်အားလည်း အရူးအမူး ချစ်ခင်မြတ်နိုးကြလေသည်။ သူတို့နှစ်ဦးသည် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့မနေထိုင်မီက ဗြိတိန်နိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ သို့ရာတွင် ဘဝတက်လမ်း ရှာချင်ကြသူများဖြစ်သည့်အလျောက် အမေရိကန်နိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသည့်အတွက် ယခုကဲ့သို့ ပြောင်းရွှေ့လာခဲ့ကြခြင်း ဖြစ်သည်။

အခြေအနေမပျက်

သို့ရာတွင် အမေရိကန်နိုင်ငံသို့ ရောက်သောအခါ အိမ်ထောင်ဦးစီးဖြစ်သူ အင်တွစ်စတယ်လ်အနေဖြင့် အလုပ်အကိုင် အလွယ်တကူမရရှိခဲ့ဘဲ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ အင်တာနက် အွန်လိုင်းများမှတစ်ဆင့် အလုပ်အကိုင်ရှာဖွေသော်လည်း လေးလမျှ ကြာသည့်တိုင် အလုပ်မရရှိသေးသဖြင့် သူ့အနေဖြင့် စိတ်ဓာတ်ကျချင်သလိုလို ဖြစ်ခဲ့ရသည်။ သို့သော်လည်း ဗြိတိန်နိုင်ငံတွင် သူတို့နေထိုင်စဉ်က ယခုကဲ့သို့ အခက်အခဲကြုံသည့်အခါတွင် သုံးရန် ငွေကြေး စုဆောင်းထားခဲ့ခြင်းကြောင့်သာ အလုပ်မရသေးသည့် ကာလ၌ ဒုက္ခအကြီးအကျယ် မရောက်ဘဲ အခြေအနေမပျက် ကျွေးမွေးရရနေထိုင်နိုင်ခြင်း ဖြစ်သည်။

ကြေကွဲဖွယ်

အင်တွစ်စတယ်လ်သည် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာသည့် လေးလတာကာလအတွင်း အင်တာနက်မှတစ်ဆင့် အလုပ်ကို ကြိုးစားပမ်းစားရှာဖွေနေဆဲပင် ဖြစ်သည်။ လေးလတာကာလကို ကျော်လွန်လာပြီးနောက် ၂၀၀၆ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ကြေကွဲဖွယ်ရာ အဖြစ်ဆိုးကို ရင်ဆိုင်ခဲ့ရပြန်သည်။

ထိုအဖြစ်ဆိုးမှာ ညတစ်ညတွင် သူ၏ဇနီးရာချယ်နှင့် သမီးလေးလီလီယန်ရို့စ်တို့ အိပ်ရာထဲတွင် တစ်ဦးကိုတစ်ဦး ပွေ့ဖက်လျက်သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေခဲ့ခြင်းပင်ဖြစ်သည်။ ထိုဖြစ်ရပ်ကိုသက်ဆိုင်ရာတို့က သိရှိသွားသောအခါ သူ၏ဇနီးနှင့် သမီးလေးတို့အား လူသတ်မှုဖြင့် သူ့အား ဖမ်းဆီး တရားစွဲဆိုခဲ့သည်။

ဖုံးကွယ်

တရားရုံးတွင် ၂၀၀၈ခုနှစ် ဇွန်လ ၁၂ရက်တွင် ရုံးတင် စစ်ဆေးသောအခါ ၂၀၀၅ခုနှစ် ဇန်နဝါရီလဆန်းတွင် လူသတ်မှုဖြစ်ပွားပြီး နောက်တစ်နေ့၌ အင်တွစ်စတယ်လ်သည် ဗြိတိန်သို့ လေယာဉ်ဖြင့် ပြန်သွားပြီး ဇန်နဝါရီ ၂၀ရက်ရောက်မှ ပြန်လာကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် လူသတ်မှုကျူးလွန်သူဟု တရားရုံးက စွဲဆိုခဲ့သည်။ သူကမူဇနီးသည်သည် သူ့ကိုယ်သူ အဆုံးစီရင်သွားခြင်းဖြစ်ပြီး သူမ၏ ဂုဏ်သိက္ခာအတွက် ၎င်းအနေဖြင့် ဖုံးကွယ်ထားရခြင်း ဖြစ်သည်ဟု ချေပခဲ့သည်။

သင်ခန်းစာယူဖွယ်

ယခုဖြစ်ရပ်တွင် ခင်ပွန်းဖြစ်သူ အင်တွစ်စတယ်လ်က ဇနီးသည်နှင့်သမီးအား သတ်ဖြတ်သည်လား သို့မဟုတ် သူမကိုယ်သူမ အဆုံးစီရင်သွားသည်လား သို့မဟုတ် အခြားသူ၏ ပယောဂဖြင့် သေဆုံးရသည်လား ဆိုသည်ကိုမူ ကာယကံရှင် ခင်ပွန်းဖြစ်သူသာ သိရှိမည်ဖြစ်ပြီး အမှန်တရားကို အချိန်က ဖော်ထုတ်ပေးလိမ့်မည်။ နေးလ်အင်တွစ်စတယ်လ်အနေဖြင့် ဇနီးနှင့် သမီးအား အမြတ်တနိုးတန်ဖိုးထားခဲ့သော်လည်း တစ်သက်တာ ထာဝရ ကျောခိုင်း ဝေးကွာခဲ့ရသော ရင်နင့် ကြေကွဲဖွယ်ရာ ဖြစ်ရပ်ကို သင်ခန်းစာ ယူဖွယ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဗြိတိန်နိုင်ငံတွင် သူတို့နေထိုင်စဉ်က ယခုကဲ့သို့ အခက်အခဲကြုံသည့် အခါတွင် သုံးရန် ငွေကြေးစုဆောင်းထားခဲ့ခြင်းကြောင့်သာ အလုပ်မရသေးသည့်ကာလ၌ ဒုက္ခအကြီးအကျယ် မရောက်ဘဲ အခြေအနေမပျက် ကျွေးမွေးရရ နေထိုင်နိုင်ခြင်းဖြစ်။

သူတို့ အတွေးနှင့် အမြင်

* ***A drop of ink may make a million think.***
မင်စက်တစ်စက်သည် လူပေါင်းတစ်သန်းအား စဉ်းစားတွေးတောစေသည်။
လော့ဒ်ဘိုင်ရွန်
(အင်္ဂလိပ်လူမျိုး ကဗျာဆရာ)

* ***Let pride go afore, shame will allow after.***
မာနတရားက ရှေ့မှသွားလျှင် အရှက်တရားက နောက်မှလိုက်လာလိမ့်မည်။
ဂျော့ချ်ချက်ပ်မင်း
(အင်္ဂလိပ်လူမျိုး ကဗျာဆရာ)

ဘဝအမောပြေ

ရထားနောက်မကျအောင် ...

လန်ဒန်မြို့ ရထားဌာန၌ အလုပ်လာလျှောက်သူတစ်ဦးအား အရာရှိက လူတွေ့စစ်ဆေးလေသည်။

အရာရှိ ။ ။ နာမည်ပြောပါ။
အလုပ်လျှောက်သူ ။ ။ စမစ်လို့ခေါ်ပါတယ်။
အရာရှိ ။ ။ မီးရထားလုပ်ငန်းအကြောင်း လေ့လာထားလား။
အလုပ်လျှောက်သူ ။ ။ ဟုတ်ကဲ့။
အရာရှိ ။ ။ မြို့ပတ်ရထားတွေ အမြဲနောက်ကျနေတာကို နောက်မကျအောင် ဘယ်လိုလုပ်မလဲ။
အလုပ်လျှောက်သူ ။ ။ အနည်းငယ် စဉ်းစားပြီးနောက် ... **မီးရထား အဝင်အထွက် အချိန်ဇယား ကပ်ထားတာကို ဖြုတ်ပြီးသိမ်းထားလိုက်ပါ့မယ်။**
အရာရှိ ။ ။ "ဟေ"

လူသားအားလုံး၏ ဘဝပတ်ဝန်းကျင်တစ်ခုလုံး မူးယစ်ဆေးဝါးအန္တရာယ်မှကင်းဝေးစေရန် ပြည်သူလူထုတစ်ရပ်လုံးလက်တွဲညီညီကာကွယ်တွန်းလှန်

နေပြည်တော် ဇွန် ၂၆

၂၀၀၈ခုနှစ် ဇွန်လ ၂၆ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သောသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ယနေ့သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလျက် ရှိနေကြမည်ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းအသီးသီးတွင်လည်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို တူညီသောရည်မှန်းချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ဆောင်ပုဒ်

ဒီနှစ်မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ရဲ့ ဦးတည်ချက်နှင့်ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)မှ ချမှတ်ပေးလိုက်သော ၂၀၀၈ ခုနှစ်ဆောင်ပုဒ်မှာ **"မူးယစ်ဆေးလွှမ်းမိုး စိုးမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင် မလုံခြုံပါ။"** "No individual, family or community is safe where illicit drugs take control" ဟူ၍ ဖြစ်ပါသည်။

ရည်ရွယ်ချက်

အဆိုပါဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ မည်သည့်ပတ်ဝန်းကျင် လူနေမှုဘဝမျိုးမဆိုနှင့် မိသားစုများတွင် မူးယစ်ဆေးဝါးထိုးဖောက်ဝင်ရောက်လျှင် ၄င်း၏အန္တရာယ်သည် လုံခြုံစိတ်ချရသောအခြေအနေကို ပျက်ပြားစေပြီး ဒုက္ခ အမျိုးမျိုးနှင့်သောကတွေ ပင်လယ်ဝေသည်ကို ဖော်ညွှန်းပါသည်။ မူးယစ်ဆေးဝါးကိုစွဲလမ်းစွာသုံးစွဲပါက မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် အတောမသတ်နိုင်သည့် ဘေးဒုက္ခအဖုံဖုံနှင့် ရောဂါအန္တရာယ်ဆိုးကြီးဖြစ်သည့် HIV/AIDS စတဲ့ ရောဂါတွေဖြစ်ပွားပြီး လူငယ်များဘဝဟာ ပန်းတိုင်မရောက်ခင် ပျက်စီးဆုံးရှုံးသွားရတာ များပါသည်။ ထို့ကြောင့် လူငယ်များဘဝအတွင်းမှာရော လူသားအားလုံးရဲ့ ဘဝပတ်ဝန်းကျင်တစ်ခုလုံးမှာပါ မူးယစ်ဆေးဝါးဆိုတဲ့ အန္တရာယ်ဆိုးကြီး ဝင်ရောက်မလာနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံး ညီညွတ်စွာ ပူးပေါင်းပါဝင် ကာကွယ်တွန်းလှန် ဖြိုဖျက်ပစ်ရမှာဖြစ်ပါသည်။

ပညာပေးပြုစုကုသ

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာများကို ခေတ်အဆက်ဆက် အစိုးရများက မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များနှင့် ဖြေရှင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅) နှစ်စီမံကိန်းရေးဆွဲပြီး ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ဒုတိယ ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်သို့ပင် ရောက်ရှိပြီး စီမံကိန်းကာလ ရည်မှန်းချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ ပြည်နယ်/တိုင်း/ ခရိုင်/မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းပြီး ကျေးလက်ဒေသများပါမကျန် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်/ တိုင်း/ ခရိုင်/ မြို့နယ်အဖွဲ့များအနေဖြင့် မိမိတို့ဒေသအသီးသီးတွင် မူးယစ်ဆေးဝါး စမ်းသပ် အလွဲသုံးမိသဖြင့် ဆေးစွဲသူဘဝရောက်ရှိနေသူများအား မူးယစ်ဆေးလွှမ်းမိုးမှုမှ ကင်းဝေးရန်နှင့် ဘဝတစ်သက်တာ မူးယစ်ကင်းစင်သည့်ဘဝပြန်လည်ရောက်ရှိအောင် ပညာပေးပြုစုကုသရေးဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

အထောက်အကူပြု

ထို့ပြင် မူးယစ်ဆေးဝါးကင်းစင်လုံခြုံတဲ့ ပတ်ဝန်းကျင်ဖြစ်စေရန် ရည်ရွယ်ပြီး မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့များဖြစ်သည့် မွေးမြူရေးလုပ်ငန်းအဖွဲ့၊ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းအဖွဲ့၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ ကျောင်းသားလူငယ်များအသိပညာပေးရေးလုပ်ငန်းအဖွဲ့နှင့် ပြည်သူများအားပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့ အသီးသီးမှလည်း စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါး သုံးစွဲမှုကင်းစင်ရေးအတွက် သက်ဆိုင်ရာ ဆရာ၊ဆရာမများမှ ပညာပေးဆွေးနွေးခြင်း၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့်ပြိုင်ပွဲများတွင် ကျောင်းသားလူငယ်များအား အဓိက ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ပညာပေးရေးကို များစွာအထောက်အကူပြုစေခဲ့ပါသည်။

ပြန်လည်ထူထောင်ရေး

အဆိုပါ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကျန်းမာရေးဦးစီးဌာနမှ ဆေးကုဌာနကြီး ၂၆ ခုနှင့် ဆေးကုဌာနငယ် ၄၀ ဖြင့် မူးယစ်ဆေးစွဲသူများအား ဆေးကုသပေးလျက်ရှိပါသည်။ ဆေးကုသမှုခံယူပြီးနောက် ပြန်လည်ထူထောင်ရေးစခန်း ခုနစ်ခုကို ပြည်နယ်/ တိုင်းများတွင် လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ကြီးကြပ်မှုဖြင့် ရွှေပြည်သာ၊ ရွှေပြည်အေး၊ ရွှေပြည်သစ်လူငယ်ပြုစုပျိုးထောင်ရေး စခန်းသုံးခုကိုဖွင့်လှစ်ပြီး မူးယစ်ဆေးစွဲသူများ ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဝါး ကင်းစင်ပပျောက်စေရန်ကြိုးပမ်းမှု၏ ရလဒ်တစ်ခုသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း တရားမဝင် ဘိန်းစိုက်ပျိုးမှုသည် ဟက်တာ ၁၄၀၀၀၀မှ ၂၀၀၇ခုနှစ်တွင် ဟက်တာ၂၇၇၀၀ အထိ သိသိသာသာကျဆင်းသွားတာ ကမ္ဘာက ချီးကျူးအသိအမှတ်ပြုခဲ့ရပါသည်။

သုံးစွဲမှုကျဆင်း

ပြည်နယ်/တိုင်းများအလိုက် မူးယစ်ဆေးဝါးသုံးစွဲသူများ အခြေခံစာရင်းကောက်ယူရေးလုပ်ငန်းအရ ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးသုံးစွဲသူ ၆၁၄၅၅ဦးရှိရာမှ ၂၀၀၈ခုနှစ် ဇန်နဝါရီလအထိ စာရင်းကောက်ယူရာတွင် ၅၄၇၀၉ဦးသာရှိကြောင်း တွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများဟာ တစ်နှစ်ထက်တစ်နှစ်ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်စသည့် တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် အိမ်နီးချင်းထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့ရှိ မူးယစ်ဆေးဝါးတားဆီးရေးအဖွဲ့တွေနှင့် သတင်းအပြန်အလှန်ဖလှယ်၍ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်ခဲ့ပါသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်တဲ့အတွက် ဒေသအတွင်း/ဒေသခွဲအတွင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူများကို ထိထိရောက်ရောက် ဖမ်းဆီးတရားစွဲဆိုနိုင်ခဲ့ခြင်းမှာလည်း တားဆီးရေးကဏ္ဍ၏ အောင်မြင်မှုပင်ဖြစ်ပါသည်။

လက်တွဲညီညီ

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၀၈ခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "မူးယစ်ဆေး လွှမ်းမိုး စိုးမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင်မလုံခြုံပါ"၊ " No individual, family or community is safe where illicit drugs take control"ဟူသောဆောင်ပုဒ်နှင့်အညီ လူသားတစ်ရပ်လုံး၏ဘဝပတ်ဝန်းကျင် တစ်ခုလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် ပြည်သူလူထုတစ်ရပ်လုံး လက်တွဲညီညီ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **(သတင်းစဉ်)**

၂၀၀၈ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများစာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၅

၂၀၀၈ခုနှစ် ဇူလိုင်၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က **'ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ'**ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် ဆုရရှိသူများ၏ အမည်စာရင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများ

အဆိုပါပြိုင်ပွဲတွင် ပထမဆု မြင့်သိန်း(ရှုပ)၊ ဒုတိယဆု အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ တတိယဆု ကိုကိုစိုးညွန့်(နယူးလိုက်အော့ဖ်မြန်မာ)တို့ ရရှိကြသည်။ အထူးဆုများအဖြစ် ခွန်းချိုသာလှိုင် (သီလဝမြေ)၊ စိုင်းခမ်းလင်း (Hawk Eyes)၊ ဦးယဉ်မင်းသန့်(နယူးအာရှ)၊ စောအောင်မင်း(နယူးအာရှဓာတ်ပုံ)၊ ကိုဦး(Image Hunter)၊ ဦးစိုးလွင်၊ အောင်ငွေးလှိုင် (Adventure)တို့က ဆုရရှိကြသည်။

ဆုရရှိသူများအား ဇူလိုင် ၃ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းပေးပို့

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ် ၁၃၂ သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၁၇၇၃နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂ တို့သို့ ဇွန် ၂၉ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ်
နယုန်လပြည့်ကျော် ၈ ရက်
(ဥပုသ်နေ့)
၂၆-၆-၂၀၀၈ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ရှုဖွယ်စုံညီ မြန်မာပြည်
၇း၅၀ ၅။ လက်ဆင့်ကမ်းပေးဂီတတေး
၈း၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၃၀ ၇။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၅ ၃။ အတီးပြိုင်ပွဲ
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ တေးဂီတအစီအစဉ်
၅း၁၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၆း၄၀ ၁၂။ ကြားမြင်သုတ ပြည့်ဝစေရာစာပဒေသာ
၆း၄၅ ၁၃။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကော်ဖီချစ်သူ** (အပိုင်း-၇)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၅)
၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၂၀။ အစီအစဉ်ပြီး၏။

ဆူးခါးပရိယတ္တိစာသင်တိုက်(ဂန္ထဝါစက) လေးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်မြို့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ဆူးခါးပရိယတ္တိစာသင်တိုက်၌ ဂန္ထဝါစက လေးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ဇွန် ၁၈ရက်(နယုန်လပြည့်နေ့) နံနက် ၉နာရီတွင် အဆိုပါလေးထပ်ကျောင်းဆောင်သစ်ကြီး၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်ဖြစ်သော အမှတ် ၃၇ ဝေဇယန္တာလမ်း (၉)ရပ်ကွက် တောင်ဥက္ကလာပနေ ကျောင်းအမကြီး ဒေါ်ကျင်အေးမိသားစုတို့က ဆူးခါးပရိယတ္တိစာသင်တိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတနှင့်တကွ ကြွရောက်လာကြသော သံဃာတော်အရှင်သူမြတ် ၆၈ပါးတို့အား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုစသည့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

အဆိုပါ လေးထပ်ကျောင်းဆောင်တော်ကြီးမှာ အကျယ် ၈၅ ပေ × ပေ ၄၀ ရှိပြီး ကျောင်းအမကြီးဒေါ်ကျင်အေး၏ (၆၈)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျောင်းမုခ်ဦး၊ ခြံစည်းရိုး၊ မီးစက်နှင့် ရေသန့်စက်များကိုပါ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငရဲပန်း

* လူသားမျိုးနွယ် ဘေးရန်များတဲ့
မူးယစ်ဆေးဝါးအန္တရာယ်၊

* သုံးစွဲသူတွေ စိတ်ဖောက်ပြားလို့
ထိတ်လန့်ချောက်ချား ကြောက်ရွံ့ဖွယ်၊

* မူးယစ်ဆေးကို အကဲစမ်းတော့
အသည်းကျွမ်းလို့ ရောဂါတွယ်၊

* မူးယစ်သားကောင် ဆေးကျွန်ဖြစ်ရင်
ဘေးနွံနစ်ပြီး သေတတ်တယ်၊

* သေမင်းတမန် မူးယစ်ဆေးမို့
ရှောင်လေဝေးဝေး နေစို့ကွယ်၊

* မူးယစ်ဆေးကို မစွဲလမ်းနဲ့
ငရဲပန်းလို့ မှတ်ရမယ်၊
မှတ်... မယ်၊ မှတ်...မယ်။ ။

ပညာသု

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး ယူနစ် (CME) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Public Health, Family Medicine and Research (2008) သင်တန်းကို ဇူလိုင် ၅ ရက်မှ ဩဂုတ် ၉ရက်အထိ (စနေ၊ တနင်္ဂနွေနေ့)များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပြန်လည် ဖွင့်လှစ်မည်ဖြစ်ရာ မှတ်ပုံတင်၍ သင်တန်းတက်ရောက်လျက်ရှိသော ဆရာဝန်များ ပြန်လည်တက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

ယာဉ်စည်းကမ်းအသိပညာပေး ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲများကျင်းပမည်

နေပြည်တော် ဇွန် ၂၅

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ယာဉ်မတော်တဆမှုများကျဆင်းရေးအတွက် ယာဉ်စည်းကမ်းအသိပညာပေး ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ကဗျာနှင့် ကာတွန်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ဦးတည်ချက်

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းများမှာ နေပြည်တော်၌ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများ၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေး၊ ပြည်သူအများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအား သိရှိနားလည်စေရေးအတွက် နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသို့ ပြည်သူအများ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်စေရေးအတွက် ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံးရေးဆွဲရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ **"ဥပဒေဘောင်အတွင်း မောင်းနှင်ခြင်း၊ ပူးပေါင်းဆောင်ရွက် ပြည်သူ့အတွက်"**၊ **"ယာဉ်လမ်းတစ်ခွင် အစဉ်သာရေး၊ မနေးဖေးကူ တို့ပြည်သူ"**နှင့် **"ဥပဒေဘောင်အတွင်း မောင်းနှင်ခြင်း၊ ဘေးကင်းရန်ကျွာ တို့ပြည်သာ၏"** တို့ ဖြစ်သည်။

ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာလုံးရေကန့်သတ်ချက်မှာ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ မှ ၁၀၀၀၀၀အထိ၊ ဝတ္ထုတိုတွင် စာလုံးရေ ၄၀၀၀မှ ၁၀၀၀၀ အတွင်းဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲတွင် စာလုံးရေကန့်သတ်ချက်မှာ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။ ကဗျာပြိုင်ပွဲတွင် ကဗျာစပ်ထုံးစပ်နည်းမှန်ကန်ပြီး ပါဒ ၁၀၀ မှ ၁၅၀ အတွင်းဖြစ်ရမည်။ ကာတွန်းပြိုင်ပွဲတွင် စာရွက်အရွယ်အစားအသေးဆုံး A-3 ဆိုဒ်နှင့် အကြီးဆုံး လက်မ ၂၀ × လက်မ ၃၀ ဖြင့်နှစ်သက်ရာဆေးအရောင်ကို အသုံးပြု၍ ထင်ရှားပြတ်သားစွာ ရေးဆွဲယှဉ်ပြိုင်နိုင်ပါသည်။

ပေးပို့တင်သွင်း

ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးသည် ကဏ္ဍတစ်မျိုးလျှင် စာမူတစ်မျိုးသာတင်သွင်းနိုင်ပြီး ကာတွန်းပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင်များအနေဖြင့် ပတ်စပို့အရွယ်ဓာတ်ပုံ နှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးသားခြင်း၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် အခြားပြိုင်ပွဲများတွင်လည်း ဆုရရှိဖူးသော စာမူမဟုတ်ကြောင်း ဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်။ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာ ရေးသား၍ မူရင်း၊ မိတ္တူနှစ်စောင် ပေးပို့တင်သွင်းသွားရမည်။

ထိုက်ထိုက်တန်တန်

ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများအား နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ စာတိုက်သေတ္တာအမှတ် ၁၂၃၊ ဗဟိုစာတိုက်ကြီး နေပြည်တော်သို့ ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၅ရက်အရောက် ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသောစာမူများကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် ကြေညာ၍ ဆုရရှိသူများကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသို့ ဖိတ်ခေါ်ပြီး ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းအတွင်းရှိ စက်ရုံစီမံကိန်းများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၅

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း မြစ်သား ချည်မျှင်စက်ရုံ (စီမံကိန်း)သို့ ရောက်ရှိပြီး မြို့ပြဆိုင်ရာ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ပင်မစက်ရုံ အဆောက်အအုံ၊ အမိုးအကာနှင့် ကြမ်းခင်းများ ၈၈ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးမှု၊ စက်မှုဆိုင်ရာ အဆောက်အအုံ၊ ရေအေးပေးစက်ရုံ၊ ရေကန်၊ စက်ပြင်အလုပ်ရုံ ၉၄ ရာခိုင်နှုန်းပြီးစီးမှုနှင့် သိုလှောင်ရုံများတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်

အဆိုပါမြစ်သားချည်မျှင်စက်ရုံ (စီမံကိန်း)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Universal Machinery Import & Export Co., Ltd. နှင့် တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်တွင်းလိုအပ်ချက်အတွက် တစ်နှစ်လျှင် ချည်ပေါင် ၅ ဒသမ ၄၇၂ သန်း ထုတ်လုပ်ရရှိမည်ဖြစ်သည်။ အလားတူ ပလိပ်၊ ရွှေတောင်၊ ပွင့်ဖြူ၊ ပခုက္ကူ၊ ဆားလင်းကြီး၊ စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံကြီးများမှလည်း တစ်နှစ်လျှင် ချည်ပေါင်၄၂သန်း ဖြည့်ဆည်းပေးလျက်ရှိသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာအနီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကုန်းတွင်းဆားထုတ်လုပ်မှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဆားပျိုးခင်း၊ ဆားရေစစ်စင်၊ ဆားရေတွင်းမှ ဆားထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း၊ ဆားချက်မီးဖိုဖြင့် ဆားချက်လုပ်မှုလုပ်ငန်း အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးဦးအောင်သောင်းသည် ဆားပါဝင်မှု တိုင်းတာခြင်းအား ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက မြေအောက်ရေမှ ဆားချက်ခြင်းလုပ်ငန်းအား ပိုမိုထွက်ရှိရေးအတွက် နေလှန်းဆားကွင်းများအဖြစ် တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရန် မှာကြားသည်။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအတွင်းရှိ မြေအောက်ဆားလုပ်ငန်းများမှ ဆားအမြောက်အမြား ထုတ်လုပ်ရရှိနိုင်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးဦးအောင်သောင်းသည် ပျော်ဘွယ်မြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ် ချည်မျှင်စက်ရုံ (စီမံကိန်း)သို့ရောက်ရှိပြီး စက်ရုံ ပတ်ဝန်းကျင်တွင် စိုက်ပျိုးထားသော စိုက်ခင်းများ၊ စီမံကိန်းလုပ်ငန်းခွင်အတွင်း မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် စက်မှုပိုင်းဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ စက်မှုပိုင်းဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စက်ရုံတွင် အသုံးပြုတပ်ဆင်ရန် ရောက်ရှိနေသော စက်ပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ပျော်ဘွယ်ချည်မျှင်စက်ရုံ (စီမံကိန်း)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Universal Machinery Import & Export Co., Ltd. က တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကာ စီမံကိန်းစက်ရုံလည်ပတ်ထုတ်လုပ်နိုင်ပါက ပြည်တွင်းလိုအပ်ချက်၏ ချည်ပေါင် ၅ဒသမ ၄၇၂သန်းထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သံအမတ်ကြီးဦးဉာဏ်လင်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဉာဏ်လင်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ဦးဖေသန်းဦးအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသသတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်း

ရန်ကုန် ဇွန် ၂၅

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သည့် ရာသီဥတုကိုလေ့လာဆန်းစစ်ကြည့်ရာ၌ ဂျပန်နိုင်ငံတွင် လေပြင်းတိုက်ခတ်မိုးရွာခြင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ဖန်ရှန်မုန်တိုင်းတိုက်ခတ်ခြင်း၊ ထိုင်းနိုင်ငံတွင် လေပြင်းတိုက်ခတ်ခြင်း၊ ယူကရိန်းနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။



မြန်မာနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်ပြီး၍ မုတ်သုံဝင်ရောက်ခြင်းသည် ပုံမှန်ဖြစ်ပြီး ဇွန်လကုန်အထိ မိုးပုံမှန်ရွာသွန်းမည်ဖြစ်သည်။ မိုးဦး မိုးကောင်းပြီး ဇွန်လကုန်အထိ မုန်တိုင်းမဝင်နိုင်သကဲ့သို့ မိုးလယ်ကာလတွင်လည်း မုန်တိုင်းဖြစ်နိုင်မှု နည်းပါးမည်ဟု သိရသည်။

ဇွန် ၂၅ရက်က ဖြစ်ပေါ်ခဲ့သော ပြည်နယ်နှင့်တိုင်း ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ရာတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့သည်။ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲမိုးရွာခဲ့ပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့သည်။ ကချင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဇွန် ၂၆ရက် **(ယနေ့)** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း (အောက်ပိုင်း)နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အသင့် ဖြစ်ထွန်းနိုင်သည်။ ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန် ၂၆ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ နေသာချိန်ရှိကာ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာနိုင်ကာ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေသည်။

လှိုင်းကြီးနိုင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပြီး ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်။

ဇွန် ၂၅ရက်က ရွာသွန်းခဲ့သော မိုးရေချိန်မှာ အောက်ပါအတိုင်း ဖြစ်သည်-

ကိုကိုးကျွန်း	၅ ဒသမ ၇၅ လက်မ
မြိတ်	၄ ဒသမ ၇၃ လက်မ
ပူတာအို၊ ဇန်းမော်	၃ ဒသမ ၆၂ လက်မ
မချမ်းဘော	၂ ဒသမ ၄၀ လက်မ
ထားဝယ်	၁ ဒသမ ၇၃ လက်မ

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ကိုလံဘီယာ၌ မြေပြိုမှုဖြစ်ပွား ၁၀ ဦးသေဆုံး၊ နေအိမ်နှင့် လမ်းများပျက်စီး

ဘိုဂိုတာ ဇွန် ၂၅

ကိုလံဘီယာနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဇွန် ၂၅ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ ၁၀ ဦးသေဆုံးပြီး နေအိမ်များပျက်စီးခဲ့ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က ပြောကြားသည်။ **(ဝဲပုံ)**

ရှာဖွေ

မြေပြိုမှုဖြစ်ပွားသည့် နေရာမှာ အေကာရီဒေသတွင်ဖြစ်ပြီး နေအိမ်အပျက်အစီးနှင့် မြေကြီးများအောက်မှ ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့များက အပူတပြင်း ရှာဖွေလျက်ရှိသည်။

မြေပြိုမှုကြောင့် လမ်းများပျက်စီးကာ သွားလာရေး အခက်အခဲနှင့် ကြုံတွေ့နေလျက်ရှိသဖြင့် ကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းမှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အမေရိကန်အရှေ့မြောက်၌ လေဆင်နှာမောင်းတိုက်ခတ်နိုင်မှု သတိပေး

ဝါရှင်တန် ဇွန် ၂၅

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် လေဆင်နှာမောင်းတိုက်ခတ်နိုင်ကြောင်း အမေရိကန် မိုးလေဝသဌာနက ဇွန် ၂၅ရက်၌ သတိပေးချက်ထုတ်ပြန်ထားသည်။

အိုဟိုင်းအိုးနှင့် အရှေ့တောင်ဘက်ပိုင်းဒေသများကို ဖြတ်သန်းကာ လေဆင်နှာမောင်းများတိုက်ခတ်နိုင်ကြောင်း၊ ထို့အတူ လေပြင်းမုန်တိုင်းများလည်း ကျရောက်နိုင်ပြီး မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း သတိပေးထားသည်။

ဖိလစ်ပိုင်၌ ဖန်ရှန်မုန်တိုင်းတိုက်ခတ်မှု သေဆုံးသူ ၂၉၁ ဦးအထိ ရှိလာ

မနီလာ ဇွန် ၂၅

ဖိလစ်ပိုင်နိုင်ငံတွင် မကြာမီက ဝင်ရောက် တိုက်ခတ်ခဲ့သော ဖန်ရှန်မုန်တိုင်းကြောင့် သေဆုံးသူဦးရေမှာ ဇွန်၂၅ရက်အထိ ၂၉၁ဦး ရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

၎င်းသေဆုံးသူများအနက် ဖိလစ်ပိုင်နိုင်ငံ အနောက်ဗီဆာယာစ်ဒေသတစ်ခုတည်း၌ပင် ၂၁၆ ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူ၁၆၆ဦးရှိကြောင်း၊ မုန်တိုင်းတိုက်ခတ်မှု အဆိုးရွားဆုံးခံရသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ ဖန်ရှန်မုန်တိုင်းကြောင့် နစ်မြုပ်ခဲ့ရသော ခရီးသည်တင် သင်္ဘောမှ ပျောက်ဆုံးနေဆဲ ခရီးသည်များကို ကယ်ဆယ်ရေးအဖွဲ့များက လိုက်လံရှာဖွေနေဆဲဖြစ်ကြောင်းသိရသည်။

တရုတ်တောင်ပိုင်းသို့ မုန်တိုင်းတိုက်ခတ် နေအိမ်နှင့် စီးပွားရေးအဆောက်အအုံအချို့ပျက်စီး

ရှန်ဟိုင်း ဇွန် ၂၅

တရုတ်နိုင်ငံတောင်ပိုင်းဒေသများသို့ ဇွန် ၂၅ရက် နံနက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်ရာ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း တရုတ်နိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါ မုန်တိုင်းသည် တစ်နာရီလျှင် ၅၁မိုင်နှုန်း တိုက်ခတ်ခဲ့ပြီး တရုတ်နိုင်ငံတောင်ပိုင်း ရှန်ဇန်စီးပွားရေးဇုန်သို့လည်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းမွှေနှောက်မှုကြောင့် နေအိမ်နှင့် စီးပွားရေးအဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့ပြီး သစ်ပင်များပြိုလဲခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ပြည်သူခင်းပေးတဲ့ ဒီမိုကရေစီလမ်းပေါ် ဖြောင့်မတ်စွာလျှောက်ကြပါစို့

ဦးပြေကျော်

ဒီမိုကရေစီဆိုတဲ့စကားလုံး(Democracy)ဟာ အင်္ဂလိပ်တို့က မူရင်းဂရိဘာသာစကားလုံး ဒီမိုကရာတော့စ်(Demo- Kratos)ကိုမှီးပြီး တီထွင်လိုက်တဲ့ဝေါဟာရပါ။ ဒီမိုကတော့ သိကြတဲ့အတိုင်း ပြည်သူ၊ အများပြည်သူဖြစ်ပြီး၊ ကရာတော့စ်က လူများစုကောင်းကျိုး(လုံခြုံအေးချမ်းရေး၊ စားဝတ်နေမှုဖူလုံရေး၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ရဲ့ လူနေမှုအဆင့်အတန်းမြင့်တက်လာရေး)ကို လူများစု(ပြည်သူအများစု)ရွေးချယ်တဲ့လမ်းစဉ်၊ မူဝါဒတွေနဲ့ အကောင်အထည်ဖော်ရေး ဖြစ်ပါတယ်။ ဒါကြောင့်လည်း Democracy of the people, For the people, by the people(လူထုရဲ့ဒီမိုကရေစီဆိုတာ လူထုအတွက် လူထုကိုယ်တိုင်ဆုံးဖြတ်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်)ဆိုတဲ့ ပြည်သူဇရာမ များရာစုကြီးရဲ့ လွတ်လပ်စွာဆုံးဖြတ်ခွင့်ကို ဆိုလိုတာပါ။

ကမ္ဘာ့ဒီမိုကရေစီလမ်းကြောင်းကို ပြန်ကြည့်ရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၆၀၀ကျော်(ခရစ်မပေါ်မီ ဘီစီနှစ် ၆၀၀)က အေသင်(ဂရိ)၊ ရောမ(ယနေ့ အီတလီ)၊ စပါတာမြို့ပြနိုင်ငံကလေးသုံးခုမှာ စတင်ပြီး ကျင့်သုံးခဲ့တဲ့ ဒီမိုကရာတော့စ်ကို အစောဆုံး ခြေရာခံမိမှာပါ။ အေသင်မြို့ပြနိုင်ငံမှာ အဲဒီတုန်းက လူသုံးသိန်းလောက်ရှိရာမှာ တစ်သိန်းလောက်က ကျွန်တွေဖြစ်နေလို့ ဒီမိုကရေစီ အခွင့်အရေးမရကြပါဘူး။ လူငါးသောင်းလောက်ကလည်း တခြားနိုင်ငံက လာရောက်စီးပွားရှာတဲ့သူတွေ (ဒီနေ့ခေတ် FRC ခေါ် နိုင်ငံခြားသားမှတ်ပုံတင် ကိုင်ဆောင်ထားသူတွေ) ဖြစ်လို့ ဒီမိုကရာတော့စ်လုပ်ငန်းစဉ်မှာ ပါဝင်ခွင့်မရှိပါဘူး။

အေသင်မြို့ပြနိုင်ငံသားစစ်စစ်တွေ(တစ်သိန်းခွဲခန့်)ထဲမှာလဲ အမျိုးသမီးတွေ ပါဝင်ခွင့်မရပါဘူး။ အသက် ၂၀ပြည့်ပြီး ၂၁နှစ်ထဲရောက်နေတဲ့ အမျိုးသားတွေသာ ဒီမိုကရာတော့စ်လုပ်ငန်းရပ်ကြီးမှာ ပါဝင်ခွင့်ရှိတယ်။ ၂၁နှစ်အရွယ် အမျိုးသားပေါင်း လေးသောင်းရှိတာမှာ လူထုအစည်းအဝေး (တစ်နှစ်လျှင်ဆယ်ချိန်)ကို လူတိုင်းမတက်နိုင်လို့ လူ၆၀၀၀တက်လျှင် အစည်းအဝေးထမြောက်ပြီလို့ လျှော့လျှော့ပေါ့ပေါ့သတ်မှတ်ခဲ့ရတယ်။ အဲဒီ ၆၀၀၀ကျော်အနက် ၃၀၀၀ကျော်(ထက်ဝက်ကျော်ရုံ)က ထောက်ခံမဲပေးရင် ဆုံးဖြတ်ချက်ချနိုင်တယ်။ လူဦးရေသုံးသိန်းရှိတဲ့ အေသင်မြို့ပြနိုင်ငံမှာ လူ၃၀၀၀ကျော်ရုံက ထောက်ခံရင် ဆုံးဖြတ်လို့ရပြီ။ သေသေချာချာတွက်ကြည့်ရင် လူဦးရေအားလုံးရဲ့ တစ်ရာခိုင်နှုန်းက အဆုံးအဖြတ်ပေးနေတဲ့စနစ်ပါ။

ဒါပေမယ့် အဲဒီအချိန် ကမ္ဘာ့လူများစုကြီးဟာ ကျေးပိုင်၊ ကျွန်ပိုင် ဇကရာဇ်ကြီးများအောက်မှာ ကျွန်ဖြစ်နေရချိန် အခြားနိုင်ငံရေး၊ အုပ်ချုပ်ရေး ပုံစံသစ်တွေ စမ်းသပ်ကြည့်ခဲ့ပါတယ် (ဥပမာ-နန်းလုမင်းများ၊ မှူးမတ်များရဲ့ အုပ်ချုပ်ရေးပုံစံမျိုးပါ)။ သို့သော် ပြည်သူအတွက် ဘယ်စနစ်မှ ရေရှည်အကျိုးမရှိဘူးလို့တွေ့လာကြရပါတယ်။ ဒါကြောင့်ဒီမိုကရာတော့စ်ခေါ် တိုက်ရိုက်ဒီမိုကရေစီကို ကျင့်သုံးတာပါ။ နိုင်ငံလုံခြုံရေး၊ ကာကွယ်ရေး၊ အခွန်ကောက်ခံရေး၊ တရားစီရင်ရေးကိစ္စရပ်များကို လူထု အစည်းအဝေးကြီးများက ဆုံးဖြတ်ပေးကြပါတယ်။ **ကမ္ဘာမှာ ပြည်သူတွေကိုယ်တိုင် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးဖို့ တိုက်ရိုက်ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်ခွင့်(ပြည်သူတွေ မိမိတို့ကောင်းကျိုးအတွက် မိမိတို့ ကိုယ်တိုင်လွတ်လပ်စွာ ဆုံးဖြတ်ချမှတ်ဆောင်ရွက်ခွင့်)ရတဲ့အတွက် အဲဒီတိုက်ရိုက်ဒီမိုကရေစီဟာ ပြည်သူကြိုက်စနစ်တစ်ခု ဖြစ်ခဲ့ပါတယ်။**

အဲဒီ တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးကြရာမှာ ပင်လယ်ရပ်ခြားရွက်သင်္ဘောများနှင့်ကုန်သွယ်နေတဲ့ ကြေးရတတ်လူတန်းစား၊ ပြည်တွင်းမှာပဲ ထုတ်လုပ်ထွက်ရှိသမျှသီးနှံတွေ၊ ကုန်ပစ္စည်းတွေကို ဝယ်၊ လှောင်ဈေးတင်ရောင်းရင်း ကြွယ်ဝလာတဲ့ ကုန်သည်လူတန်းစား(လူရတတ်များ)၊ ကိုယ်တိုင်စူးထိုးစိုက်ပျိုးပြီး တကုန်းကုန်း အသက်မွေးရတဲ့ ဆင်းရဲသားလူတန်းစားတို့ဟာ အကျိုးစီးပွားချင်း မကိုက်ညီတဲ့အတွက် နောက်ပိုင်းလည်ရာစား လုပ်ကြရင်း တိုက်ရိုက်ဒီမိုကရေစီစနစ် မှေးမှိန်ကွယ်ပျောက်ခဲ့ရပါတယ်။

အင်္ဂလန်မှာ စက်မှုတော်လှန်ရေးအကျိုးဆက်အဖြစ် စက်မှုအရင်းရှင်စနစ်ထွန်းကားလာတယ်။ စက်ရုံတွေပေါ်ပါရဲ့ ကုန်ကြမ်း၊ လောင်စာ၊ ကုန်ချောဈေးကွက်၊ လုပ်ခသက်သာတဲ့ အလုပ်သမားတွေ လိုအပ်လာပါတယ်။ တစ်ဖက်မှာ ဘုရင်တွေကလည်း အရင်းရှင်တွေကို အခွန်အကောက်၊ ဥပဒေတွေနဲ့ ဖိနှိပ်လာလို့ အင်္ဂလန်မှာ ဘူဇွာတော်လှန်ရေးပေါ်ခဲ့ရတယ်။ နောက်ဆုံး အရင်းရှင်တွေ အလိုကျ ပါလီမန်လွှတ်တော်တွေတည်ထောင်ပြီး ပါလီမန်မှာ အရွေးခံရသူတွေက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာရပ်ကြီးတွေ ကျင့်သုံးနိုင်ကြတယ်။ ဥရောပမှာလည်း ဒီပုံစံဖြစ်လာတယ်။ အင်္ဂလန်ပါလီမန်မှာ မဲဆန္ဒနယ်အလိုက် အရွေးခံရတဲ့ အမတ်တွေနဲ့ ဖွဲ့စည်းပေမယ့် အထက်လွှတ်တော် (House of Lords ခေါ် မှူးမတ်လွှတ်တော်)က အမတ်ငါးရာကျော်ကို လူထုက မရွေးရပါဘူး။ ဘုရင်(ဘုရင်မ)က ရွေးခန့်ပါတယ်။

အင်္ဂလိပ်(ဗြိတိသျှ)လူမျိုးတွေက သူတို့ပါလီမန်စနစ်ကို ပါလီမန်ဒီမိုကရေစီစနစ်လို့ ခေါ်ကြပါတယ်။ တိုက်ရိုက် ဒီမိုကရေစီလုပ်လို့ မရတော့ဘူး။ လူဦးရေကများလွန်းလာပြီး ၁၈နှစ်ပြည့်ပြီးသူ အမျိုးသား၊ အမျိုးသမီးမှန်သမျှ ပါဝင်ခွင့်ရှိလာတဲ့အတွက် တိုက်ရိုက်ဒီမိုကရေစီအစား သွယ်ဝိုက်(ကိုယ်စားပြု) ဒီမိုကရေစီစနစ်လို့ ခေါ်ပါတယ်။ တိုက်ရိုက်ဒီမိုကရေစီမလုပ်သာ၊ မလုပ်နိုင်လို့ သွယ်ဝိုက်ကိုယ်စားပြု ဒီမိုကရေစီဆိုတာကတော့ သဘာဝကျပါတယ်။ သို့သော်လည်း အင်္ဂလိပ် အရင်းရှင်တွေဟာ ကမ္ဘာ့နိုင်ငံတွေမှာရှိတဲ့ ကုန်ကြမ်းလောင်စာ၊ လုပ်ခသက်သာတဲ့ လုပ်အား၊ ကုန်ချောဈေးကွက်ရရှိဖို့ မတော်လောဘကြီးမားစွာနဲ့ နိုင်ငံတွေကို ကျူးကျော်ကျွန်ပြု သွေးစုပ်လာခဲ့ပါတယ်။ ကမ္ဘာ့မြေပြင်ရဲ့ ၇၇ရာခိုင်နှုန်းကို တိုက်ခိုက်ကျူးကျော် ကျွန်ပြုဖို့ ဗြိတိသျှ ဒီမိုကရေစီပါလီမန်က ဆုံးဖြတ်ပေးခဲ့တာပါ။ ဒါ့ကြောင့်လည်း အနောက်ကဒီမိုကရေစီဆိုတာဟာ သူတို့ ပိုမိုချမ်းသာအောင် လွတ်လပ်စွာ ကျူးကျော်တိုက်ခိုက်ခွင့်ကို ဆိုတာပါလို့ ပြောလာပါတယ်။ နယ်ချဲ့သမားတို့ရဲ့ ကျွန်စော်နံတဲ့ ဒီမိုကရေစီကို ကမ္ဘာက အော့ကြောလန်လာကြပါတယ်။

ဒီမိုကရေစီကို နိုင်ငံအနေအထားအလိုက် ပုံစံတွေ(မူကွဲတွေ) ချမှတ်လာကြရင်း အရင်းရှင်ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီ၊ ဒီမိုကရေစီသစ်၊ လမ်းညွှန်ဒီမိုကရေစီစတဲ့ ဒီမိုကရေစီပုံစံတွေ အများအပြားပေါ်လာခဲ့ရပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံမှာ စစ်မှန်ပြီး (ပြည်သူအများစုအကျိုးအတွက် ပြည်သူအများစုလိုလားသော) မင်းမဲ့စရိုက်၊ အာဏာရှင်တို့ထင်ရာစိုင်းခြင်း၊ အာဏာအတွက် နိုင်ငံတည်ငြိမ်မှုကို စတေးခြင်းတို့မှကင်းသော စည်းကမ်းကျနသည့်(ဥပဒေစိုးမိုးသည့်) ဒီမိုကရေစီကိုသာ မြန်မာပြည်သူတစ်ရပ်လုံးက လက်ခံထားကြပြီ ဖြစ်တယ်။ အမျိုးသားရေးအလေးထားပြီး ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာဝပြောစွာနေနိုင်မည့် အနေအထားမျိုးကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဖြင့်သာ ရယူနိုင်မှာဖြစ်ကြောင်း မြန်မာတို့ သဘောပေါက်လက်ခံထားကြပြီ ဖြစ်တယ်။

ရေမြေသြဇာကောင်းပြီး သဘာဝသယံဇာတကြွယ်ဝလှသော မြန်မာနိုင်ငံတွင် ပြည်သူတို့ ညီညီညာညာပူးပေါင်းဆောင်ရွက်လျှင် ရှေ့နိုင်ငံအဆင့်မှချရောက်နိုင်ပါတယ်။ ပြည်တွင်းပြည်ပမှ ဝိုင်းဝန်းနှောင့်ယှက်ကြသည့်ကြားမှ ပြည်တွင်းငြိမ်းချမ်းရေးရရှိခဲ့ပြီး ဘက်ပေါင်းစုံ၌ တည်ဆောက်ပြုပြင် တိုးတက်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဒီလိုအမျိုးသားရေးဝါဒထက်ကောင်းတဲ့ နိုင်ငံရေးဝါဒ၊ ဤလွတ်လပ်ခွင့်ထက်ကောင်းတဲ့ ဒီမိုကရေစီမရှိနိုင်။ သို့ဖြစ်၍ ငြိမ်းချမ်းဖွံ့ဖြိုးကြွယ်ဝမှုကို ဤဒီမိုကရေစီနည်းလမ်းဖြင့်သာ ရယူနိုင်ကြောင်း ပြည်သူတို့သိပြီးဖြစ်ပါတယ်။ အဲဒါကြောင့် မြန်မာတို့အတွက် စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကိုသာ မြန်မာတို့လိုလားတောင့်တတာဟာ အလွန်သဘာဝကျလှပါတယ်။

ဒီမိုကရေစီနည်းကျ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့လမ်းညွှန်ချက်များကို လိုက်နာကြရတယ်။ အခြေခံဥပဒေဆိုတာ ပြည်သူတစ်ရပ်လုံးပိုင်စိုးအပ်တဲ့ အချုပ်အခြာအာဏာရပ်ကြီး(ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး တည်းဟူသော နိုင်ငံတော်အာဏာသုံးရပ်)ကို ပြည်သူ့ကိုယ်စား တိတိကျကျ အကောင်အထည်ဖော်မယ့်သူများ လိုက်နာရသည့် စည်းမျဉ်းစည်းကမ်းများပင်ဖြစ်တယ်။

အမျိုးသားညီလာခံကိုယ်စားလှယ် တစ်ထောင်ကျော်က နှစ်ရှည်လများ အချိန်ယူ၊ ဆွေးနွေးညှိနှိုင်းချမှတ်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခြေခံရမယ့်မူများကို ဥပဒေရေးရာကျွမ်းကျင်သူများ(နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ၅၄ဦး)က အလေးအမြတ်ပြုအခြေခံကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ၂၀၀၈ခုနှစ်ကို ရေးဆွဲပြီးစီးခဲ့ပြီဖြစ်တယ်။ အဖွဲ့ဝင် ၄၅ဦးပါဝင်တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်က ပြည်နယ်/တိုင်း/ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်ခွဲများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များနှင့် အတူ ၂၀၀၈ မေလ ၁၀ရက်၊ မေလ ၂၄ရက်နေ့များမှာ ဆန္ဒခံယူပွဲကျင်းပခဲ့တယ်။ ဆန္ဒခံယူပွဲရဲ့တရားမျှတပြီး မှန်ကန်လွတ်လပ်တဲ့ မဲပေးပုံစနစ်ကို ပြည်သူက ယုံကြည်ခဲ့တယ်။ **အခြေခံဥပဒေသစ် အတည်ဖြစ်မှသာ မြန်မာ့ဒီမိုကရေစီတံခါးကြီး ပွင့်နိုင်မည်ကို သိသဖြင့် ပြည်သူမဲဆန္ဒရှင် ၉၂ဒသမ၄၈ရာခိုင်နှုန်းက အခြေခံဥပဒေအသစ်ကို ထောက်ခံမဲပေး အတည်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကိုကြည့်ပြီး သုံးသပ်လျှင် ပြည်သူတစ်ရပ်လုံးက စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို အမြန်ဆုံးရယူကျင့်သုံးလိုကြကြောင်း သိနိုင်ပါတယ်။**

အမျိုးသားညီလာခံကျင်းပဆဲကာလ၊ အခြေခံဥပဒေရေးဆွဲဆဲကာလ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပဆဲကာလတစ်လျှောက် ပြည်တွင်းပြည်ပ အဖျက်အင်အားစုများက ပြည်သူ့မျက်နှာ၊ ပြည်သူ့ဆန္ဒကိုပင် မထောက်ထားဘဲ ဖျက်လိုဖျက်ဆီးလုပ်နေခဲ့ကြတယ်။ မေလ၂၄ရက်နေ့မှာတော့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အဖျက်သမားများရဲ့ အဖျက်လုပ်ရပ်များကို နင်းခြေကျော်လွှားပြီး အခြေခံဥပဒေအား တစ်ခဲနက် အတည်ပြုပေးခဲ့ပေတယ်။ ထောက်ခံမဲ ၉၂ဒသမ ၄၈ရာခိုင်နှုန်းဆိုတာ မြန်မာနိုင်ငံမှာရော ကမ္ဘာမှာပါ အမြင့်ဆုံးစံချိန်ဖြစ်ပါတယ်။

ပြည်သူက မြန်မာ့ဒီမိုကရေစီလမ်းကို အခုလိုခင်းပေးခဲ့ပြီဖြစ်တယ်။ ပြည်သူအများစုဆန္ဒကို လေးစားလိုက်နာခြင်းဟာ ဒီမိုကရေစီအဆန်ဆုံးဖြစ်တယ်။ ပြည်သူ့ဆန္ဒကို ကဖျက်ယဖျက် မလုပ်သင့်ကြပါ။ ပြည်သူ့ဆန္ဒကို ဆန့်ကျင်နှောင့်ယှက်ခြင်းဟာ မိမိတို့ကိုယ် မိမိတို့ ပြည်သူ့ရန်သူအဖြစ် သတ်မှတ်ရာရောက်သွားမှာပါ။

ဥပဒေပြင်ပကိုထွက်၊ နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်ပြီး လက်နက်ကိုင်သောင်းကျန်းကြသူများကြီးစိုးတဲ့ မဲသရောထကြေညာချက်ကို ဆုပ်ကိုင်ခြင်းဟာ နိုင်ငံတော်အပေါ်သစ္စာမဲ့ရာ၊ ဥပဒေချိုးဖောက်ရာရောက်ပါတယ်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အရွေးခံရသူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့တာဝန်ပျက်ကွက်ခဲ့ကြတယ်။ ၁၉၉၀ပြည့်နှစ် မေလ ၂၇ရက်နေ့ ရလဒ်ဟာ ယခုဆိုလျှင် ၁၈နှစ်ကျော် ၁၉နှစ်အတွင်း ရောက်လာပြီ။ အဲဒီတုန်းက ပြည်သူမဲပေးရွေးလိုက်တဲ့ Mandate ဟာ ၁၉၉၄ခုနှစ်မှာပဲ ကုန်ခဲ့ပြီဖြစ်တယ်။ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ရတာကို ပြန်လွမ်းမနေကြပါနဲ့တော့။ ၂၀၁၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲမှာ ပြည်သူ့အဆုံးအဖြတ် ရရဲယူကြပါ။ ဒါမှလည်း ဒီမိုကရေစီအစိုးရဖြစ်လာမှာပါ။ ပြည်ပက နယ်ချဲ့မီဒီယာအားကိုးနဲ့ ပြည်သူ့ဆီက အာဏာကို ဓားပြတိုက်၊ အနုကြမ်းစီးယူလို့ မရနိုင်ပါဘူး။ ကိုယ့်ကိုယ်ကို ဒီမိုကရေစီဝါဒီလို့ လက်မထောင်ချင်ရင် အခြေခံဥပဒေနည်းကျ ဒီမိုကရေစီလမ်းပေါ် တက်လျှောက်ပြပါ။

၁၉၄၈ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ပြီးနောက် အာဏာရ ဖဆပလဟာ ဒီမိုကရေစီကို ဖော်ဆောင်နိုင်ခြင်းမရှိခဲ့ဘဲ မိမိတို့ ဖဆပလ အာဏာ နှစ် ၄၀ တည်တံ့ရေးကြွေးကြော်ပြီး ဒီမိုကရေစီမဆန်တဲ့ ဖိနှိပ်မှုတွေလုပ်ခဲ့လို့ ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြီးပေါ်ခဲ့ရတယ်။ ပြည်သူတွေဟာ အဲဒီဒဏ်ကို ဆယ်စုနှစ်လေးခုကျော်ကျော် ခံစားခဲ့ကြရတယ်။ ပြည်သူတွေဟာ ဖဆပလရဲ့ အာဏာသက်ရှည်ရေးအဓိကထားတဲ့ ပါလီမန် ဒီမိုကရေစီကို မနှစ်မြို့ခဲ့ကြပါဘူး။ ဒါကြောင့်လည်း လမ်းစဉ်ပါတီခေတ်မှာ

ဒီမိုကရေစီနည်းကျ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ လမ်းညွှန်ချက်များကို လိုက်နာကြရတယ်။ အခြေခံဥပဒေဆိုတာ ပြည်သူတစ်ရပ်လုံး ပိုင်စိုးအပ်တဲ့ အချုပ်အခြာအာဏာရပ်ကြီး (ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး တည်းဟူသော နိုင်ငံတော်အာဏာသုံးရပ်)ကို ပြည်သူ့ကိုယ်စား တိတိကျကျ အကောင်အထည်ဖော်မယ့်သူများ လိုက်နာရသည့် စည်းမျဉ်း စည်းကမ်းများပင် ဖြစ်တယ်။

ဆိုရှယ်လစ်ဒီမိုကရေစီကို တက်တက်ကြွကြ
(၁၉၇၄ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အခြေ
ဥပဒေကို ၉၀ဒသမ၁၉ရာခိုင်နှုန်း ထောက်ခံမဲ
ပါ။) လက်တွေ့မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်
အတန်းမြင့်တဲ့ လူနေမှုဘဝမပေးနိုင်ခဲ့ပါဘူး။
မြေအောက်၊ ပြည်တွင်းပြည်ပ၊ လက်ဝဲလက်ယာ
တယ်။ အဲဒီလို ဆူပူကြတဲ့ မင်းမဲ့ဝါဒီတွေ၊
ရေးရှူသူတွေက ပါတီစုံဒီမိုကရေစီဆိုပြီး အော်ပ

အဲဒီမင်းမဲ့စရိုက်လွှမ်းခဲ့တဲ့ ၁၉၈၈ခုနှစ်ဆူ
ပြီး လွတ်လပ်ရေးပြန်လည်ဆုံးရှုံးလုဆဲဆဲ အခြေ
တပ်မတော်က နိုင်ငံတော်ကို ဝင်ထိန်းပေးခဲ့ရပြ
နိုင်ငံတာဝန်ယူပြီး မရှေးမနှောင်းမှာပဲ နိုင်ငံရေး
ပါတယ်။ ၁၉၈၈ခုနှစ်မှာ အာဏာရ လမ်းစဉ်
ဆန့်ကျင်ပြီး ပါတီစုံဒီမိုကရေစီကို တူညီစွာ(တ
တောင်းဆိုခဲ့ကြသူတွေဟာ ပါတီပေါင်း ၂၃၅
တယ်။ ဒီမိုကရေစီတစ်သံတည်းထွက်ပြီးမှ ၂၃
ဟာ ၁၉၈၈ခုနှစ် ဆူပူမှုက မွေးဖွားပေးတဲ့ သရ
ဖော်ပြရာ ရောက်ခဲ့ပါတယ်။

အဲဒီ ၂၃၅ပါတီဟာ ၁၉၉၀ပြည့်နှစ်
၉၃ပါတီပဲ ကျန်တော့တယ်။ ရွေးကောက်ပွဲမှာ
တစ်ယောက်တလေမှ အရွေးမခံရတဲ့ ပါတီ
သူဆောင်ပြီး ပျက်သွားကြတယ်။ ဒီနေ့ တရားဝ
ကျန်ပါတော့တယ်။

အမေရိကန်မှာ ရီပတ်ဘလီကင်ပါတီနဲ့
နှစ်ခုသာ အခိုင်အမာရပ်တည်နိုင်ကြတယ်။
လူမသိတဲ့ပါတီတွေ ဖြစ်နေရတယ်။ ဗြိတိန်
ကွန်ဆာဗေးတစ်ပါတီတို့က ထင်ရှားပြီး လစ်
အာဏာရတဲ့အဆင့် မရောက်ပါဘူး။ "မြန်
စလယ်ဝင် ဖင်မမည်းခင် ကွဲကြပါကလား" လို
ပါတီတွေ၊ ဝါဒတွေ၊ မူကွဲ၊ လူကွဲတွေ များလွန်း
သရုပ်မှန်မှန် ဖော်ဆောင်နိုင်ကြပါတော့မလား
ယန္တရားအဖြစ်အဓိကထားပြီး ပြည်သူ့အကျိုးစီ
အချင်းချင်း လက်နက်ကိုင် တိုက်ခိုက်သတ်ဖြ
တာလည်း မြင်မကောင်း၊ ရှုမကောင်းပါပဲ။

အာဏာကို ရှေ့တန်းတင်လွန်းတဲ့အတွက
ရန်သူလိုသဘောထားပြီး တိုက်ခိုက်နေကြတာ၊
ကိုးလောင်းပြိုင်၊ ငါန်းဇွန်ခြောက်လောင်းပြိုင်၊
ပခုက္ကူဆင်စွယ်ရှာ လူအစုအပြုံလိုက်သတ်မှု၊
ဘိန်းသောင်းကျန်းသူတွေရဲ့ လူအစုအပြုံလိုက်သ
ကြပြီးမှ ပြည်သူ့အတွက် ပြည်သူ့ပါတီဟုပြော
ပြောလိုပြော လုပ်နေကြလျှင် ပြည်သူနှင့် ပြဒါ
ဖြစ်တော့မှာပါပဲ။

**ပါတီနိုင်ငံရေးသမိုင်းကြောင်းအရ ပါတ
စီးပွားကို မိမိတို့က ရိုးဖြောင့် သစ္စာရှိစွာသယ်
ထောင်ခဲ့ကြခြင်းဖြစ်တယ်။ ရွေးကောက်ပွဲများမှ
အစိုးရဖွဲ့ ဆောင်ရွက်မယ်။ ကျန်ပါတီ(အာဏ
ပါတီရဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှထောင
ရွက်ပေးကြရမယ်။ အာဏာရပါတီရဲ့လုပ်ရပ်များ
ထောက်ပြမယ်၊ အကြံပေးမယ်၊ တိုက်တွန်းမ
ကန့်ကွက်မယ်။ အဲဒီလို ထောက်ခံခြင်း၊ ကန
ပါတီရဲ့ကောင်းကျိုး၊ ပါတီအာဏာရရေးသက်သ
ရင့်ကျက်၍ ပြည်သူကိုဦးထိပ်ထားသော ပါတ
ပါတီစုံ စနစ်ဖြစ်မယ်။ ပြည်သူကျေနပ်နှစ်မြို
မလိုက်နာ၊ မကျင့်သုံးနိုင်သမျှ ဒီမိုကရေစီနှင့်**

ပါတီများ ထောင်ကြ၊ မိမိတို့ပါတီရဲ့
ပြည်သူ့ထံချပြပြီး ရွေးကောက်ပွဲများ၌ မိမိတို့ပါ
ရွေးချယ်၊ အာဏာအပ်အောင်လုပ်ကြခြင်းဟာ
ဒါပေမယ့် မိမိတို့ပါတီနိုင်မှ၊ အာဏာရမှဖြစ်မ
မလုပ်သင့်တာ လုပ်နေကြမယ်ဆိုရင်တော့ အ
အကျိုးက ဒုတိယနေရာ ရောက်သွားမှာပါပဲ။ အ
ပေးလိုက်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှ
ကျင့်သုံးရမယ့် အခြေခံမူတွေပါဝင်ပြီး ဖြစ်တယ
ရင့်ကျက်နေပြီဖြစ်တယ်။ အာဏာကိုအလစ်မသုဝ
အညီ ပြည်သူ့ကိုယ်စား ဦးစီးဆောင်ရွက်ခွင့်ရအေ
ပါပဲ။

အာဏာရရေးအဓိကလုပ်ရပ်ဟာ ဒီမိုက
နိုင်ငံတွေကတင်ပို့ပေးတဲ့ ကျွန်စော်နံစွက်ဖက်
ကရေစီ မဟုတ်ပါဘူး။ စည်းကမ်းတကျ ဥပဒေ
ဆန္ဒနဲ့အညီ ပြည်သူ့အကျိုး ဖော်ဆောင်ပေ
ဒီမိုကရေစီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။
ဆရာကြီးဘားနဒ်ရှောက ဒီမိုကရေစီဆိုတာ
ကိုယ်ကျိုးရှာ အကျင့်ပျက် လူနည်းစုအတွက်
ရွေးကောက်ပွဲမျိုးမဟုတ်ပါဘူး (Democrac
by the ignorants for the corrupted
ဒီမိုကရေစီအစစ်ဆိုတာဟာ ဘားနဒ်ရှော ငေါ့
ဝေလေလေရွေးကောက်ပွဲမဟုတ်ကြောင်း သိသ

ဆိုရှယ်လစ်ဒီမိုကရေစီကို တက်တက်ကြွကြွ ထောက်ခံခဲ့ကြတာပါ။ (၁၉၇၄ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၉၀ဒသမ၁၉ရာခိုင်နှုန်း ထောက်ခံမဲပေး အတည်ပြုခဲ့ကြတာပါ။) လက်တွေ့မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်က ပြည်သူတို့ကို အဆင့်အတန်းမြင့်တဲ့ လူနေမှုဘဝမပေးနိုင်ခဲ့ပါဘူး။ ၁၉၈၈ခုနှစ်မှာ မြေပေါ်၊ မြေအောက်၊ ပြည်တွင်းပြည်ပ၊ လက်ဝဲလက်ယာပယောဂစုံနဲ့ ဆူပူမှုဖြစ်ခဲ့တယ်။ အဲဒီလို ဆူပူကြတဲ့ မင်းမဲ့ဝါဒီတွေ၊ အာဏာရရေးအတွက်သာ ရှေးရှုသူတွေက ပါတီစုံဒီမိုကရေစီဆိုပြီး အော်ဟစ်တောင်းဆိုခဲ့ကြတယ်။

အဲဒီမင်းမဲ့စရိုက်လွှမ်းခဲ့တဲ့ ၁၉၈၈ခုနှစ်ဆူပူမှုက ပြည်ထောင်စုပြိုကွဲပြီး လွတ်လပ်ရေးပြန်လည်ဆုံးရှုံးလုဆဲဆဲ အခြေအနေဆိုက်လာခဲ့တဲ့အတွက် တပ်မတော်က နိုင်ငံတော်ကို ဝင်ထိန်းပေးခဲ့ရပြန်တယ်။ တပ်မတော်က နိုင်ငံတာဝန်ယူပြီး မရှေးမနှောင်းမှာပဲ နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ၁၉၈၈ခုနှစ်မှာ အာဏာရ လမ်းစဉ်ပါတီအစိုးရကို တူညီစွာ ဆန့်ကျင်ပြီး ပါတီစုံဒီမိုကရေစီကို တူညီစွာ(တစ်သံတည်း) ကြွေးကြော်တောင်းဆိုခဲ့ကြသူတွေဟာ ပါတီပေါင်း ၂၃၅ ခု မှတ်ပုံတင်ဖွဲ့စည်းခဲ့ကြတယ်။ ဒီမိုကရေစီတစ်သံတည်းထွက်ပြီးမှ ၂၃၅ပါတီ ကွဲထွက်သွားတာဟာ ၁၉၈၈ခုနှစ် ဆူပူမှုက မွေးဖွားပေးတဲ့ သရုပ်မမှန်တဲ့ ဒီမိုကရေစီကို ဖော်ပြရာ ရောက်ခဲ့ပါတယ်။

အဲဒီ ၂၃၅ပါတီဟာ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲဝင်တော့ ၉၃ပါတီပဲ ကျန်တော့တယ်။ ရွေးကောက်ပွဲမှာ အမတ်(ကိုယ်စားလှယ်) တစ်ယောက်တလေမှ အရွေးမခံရတဲ့ ပါတီတွေဟာလဲ သူ့သဘောသူဆောင်ပြီး ပျက်သွားကြတယ်။ ဒီနေ့ တရားဝင်ရပ်တည်ဆဲ ပါတီ၁၀ခုပဲ ကျန်ပါတော့တယ်။

အမေရိကန်မှာ ရီပတ်ဘလီကင်ပါတီနဲ့ ဒီမိုကရက်တစ်ပါတီ နှစ်ခုသာ အခိုင်အမာရပ်တည်နိုင်ကြတယ်။ ပါတီငယ်အချို့ရှိပေမယ့် လူမသိတဲ့ပါတီတွေ ဖြစ်နေရတယ်။ ဗြိတိန်မှာတော့ လေဘာပါတီ၊ ကွန်ဆာဗေးတစ်ပါတီတို့က ထင်ရှားပြီး လစ်ဘရယ်ပါတီက အရွေးခံ အာဏာရတဲ့အဆင့် မရောက်ပါဘူး။ "မြန်မာပြည်ပါတီတွေကများ၊ စလယ်ဝင် ဖင်မမည်းခင် ကွဲကြပါကလား" လို့ စာချိုးလောက်ပါတယ်။ ပါတီတွေ၊ ဝါဒတွေ၊ မူကွဲ၊ လူကွဲတွေ များလွန်းနေမှတော့ ဒီမိုကရေစီကို သရုပ်မှန်မှန် ဖော်ဆောင်နိုင်ကြပါတော့မလား။ ပါတီကို အာဏာရရေးယန္တရားအဖြစ်အဓိကထားပြီး ပြည်သူ့အကျိုးစီးပွား သွေဖည်နေခဲ့ကြလို့ အချင်းချင်း လက်နက်ကိုင် တိုက်ခိုက်သတ်ဖြတ်ပြီး အာဏာလုနေခဲ့ကြတာလည်း မြင်မကောင်း၊ ရှုမကောင်းပါပဲ။

အာဏာကို ရှေ့တန်းတင်လွန်းတဲ့အတွက် ပါတီချင်း၊ ဝါဒကွဲချင်း ရန်သူလိုသဘောထားပြီး တိုက်ခိုက်နေကြတာ၊ လူသတ်သည်အထိ(မင်းလှကိုးလောင်းပြိုင်၊ ငါန်းဇွန်ခြောက်လောင်းပြိုင်၊ မြိတ် ဆီတောင်အိုင်ရွာနဲ့ ပခုက္ကူဆင်စွယ်ရွာ လူအစုအပြုံလိုက်သတ်မှု၊ နောက်ပိုင်း ရွက်ဆစ်တို့ ဘိန်းသောင်းကျန်းသူတွေရဲ့ လူအစုအပြုံလိုက်သတ်မှုစသည်များ)ကျူးလွန်ကြပြီးမှ ပြည်သူ့အတွက် ပြည်သူ့ပါတီဟုပြောလိုပြော၊ ဒီမိုကရေစီပါတီပြောလိုပြော လုပ်နေကြလျှင် ပြည်သူနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်တော့မှာပါပဲ။

ပါတီနိုင်ငံရေးသမိုင်းကြောင်းအရ ပါတီဟူသည် ပြည်သူ့အကျိုးစီးပွားကို မိမိတို့က ရိုးဖြောင့် သစ္စာရှိစွာသယ်ပိုးပေးရန် ရည်ရွယ်တည်ထောင်ခဲ့ကြခြင်းဖြစ်တယ်။ ရွေးကောက်ပွဲများမှာ အနိုင်ရသွားတဲ့ပါတီက အစိုးရဖွဲ့ ဆောင်ရွက်မယ်။ ကျန်ပါတီ(အာဏာမဲ့)များက အာဏာရပါတီရဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှထောက်ခံကာ ပူးပေါင်း ဆောင်ရွက်ပေးကြရမယ်။ အာဏာရပါတီရဲ့လုပ်ရပ်မှားများကို ဒီမိုကရေစီနည်းကျ ထောက်ပြမယ်၊ အကြံပေးမယ်၊ တိုက်တွန်းမယ်၊ ကန့်ကွက်သင့်က ကန့်ကွက်မယ်။ အဲဒီလို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းဟာ မိမိတို့ပါတီရဲ့ကောင်းကျိုး၊ ပါတီအာဏာရရေးသက်သက် မဖြစ်စေရပါ။ ဤမျှ ရင့်ကျက်၍ ပြည်သူကိုဦးထိပ်ထားသော ပါတီစုံစနစ်မျိုးသာ စစ်မှန်တဲ့ ပါတီစုံ စနစ်ဖြစ်မယ်။ ပြည်သူကျေနပ်နှစ်ခြိုက်မှု ရရှိမယ်။ ဤသို့ မလိုက်နာ၊ မကျင့်သုံးနိုင်သမျှ ဒီမိုကရေစီနှင့်အလှမ်းဝေးနေမှာပါပဲ။

ပါတီများ ထောင်ကြ၊ မိမိတို့ပါတီရဲ့ ဝါဒ၊ လမ်းစဉ်၊ စနစ်များ ပြည်သူ့ထံချပြပြီး ရွေးကောက်ပွဲများ၌ မိမိတို့ပါတီအား ပြည်သူက မဲပေးရွေးချယ်၊ အာဏာအပ်အောင်လုပ်ကြခြင်းဟာ အစဉ်အလာထုံးစံပါပဲ။ ဒါပေမယ့် မိမိတို့ပါတီနိုင်မှ၊ အာဏာရမှဖြစ်မယ်ဆိုတဲ့ စိတ်မျိုးထားပြီး မလုပ်သင့်တာ လုပ်နေကြမယ်ဆိုရင်တော့ အာဏာက ပထမ၊ ပြည်သူ့အကျိုးက ဒုတိယနေရာ ရောက်သွားမှာပါပဲ။ အခု ပြည်သူက အတည်ပြုပေးလိုက်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီမိုကရေစီအစစ်အမှန် ကျင့်သုံးရမယ့် အခြေခံမူတွေပါဝင်ပြီး ဖြစ်တယ်။ ပြည်သူကလဲ ဒီကနေ့ ရင့်ကျက်နေပြီဖြစ်တယ်။ အာဏာကိုအလစ်မသုတ်ဘဲ ဒီမိုကရေစီကျင့်စဉ်နဲ့ အညီ ပြည်သူ့ကိုယ်စား ဦးစီးဆောင်ရွက်ခွင့်ရအောင် ကြိုးစားရမယ့် အချိန်ပါပဲ။

အာဏာရရေးအဓိကလုပ်ရပ်ဟာ ဒီမိုကရေစီမဟုတ်သလို၊ နယ်ချဲ့နိုင်ငံတွေကတင်ပို့ပေးတဲ့ ကျွန်စော်နံစွက်ဖက်ရေးလုပ်ရပ်ဟာလည်း ဒီမိုကရေစီ မဟုတ်ပါဘူး။ စည်းကမ်းတကျ ဥပဒေနဲ့အညီ ပြည်သူအများစုဆန္ဒနဲ့အညီ ပြည်သူ့အကျိုး ဖော်ဆောင်ပေးခြင်းသာလျှင် မြန်မာ့ဒီမိုကရေစီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ကမ္ဘာကျော် ပြဇာတ်ရေးဆရာကြီးဘားနဒ်ရှောက ဒီမိုကရေစီဆိုတာ ဘာမျှမသိတဲ့ လူများက ကိုယ်ကျိုးရှာ အကျင့်ပျက် လူနည်းစုအတွက် ရွေးကောက်ပေးလိုက်တဲ့ ရွေးကောက်ပွဲမျိုးမဟုတ်ပါဘူး (**Democracy is not the election by the ignorants for the corrupted few**)လို့ ဆိုခဲ့ပါတယ်။ ဒီမိုကရေစီအစစ်ဆိုတာဟာ ဘားနဒ်ရှော ငေါ့တော့တော့ပြောသွားခဲ့သလို ဝေလေလေရွေးကောက်ပွဲမဟုတ်ကြောင်း သိသင့်ကြပါတယ်။ ။

နှုတ်ခွန်းဆက်

၂၀၀၈ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဥပဒေရေးရာဆွေးနွေးဟောပြောပွဲတွင် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီ နှုတ်ခွန်းဆက် အမှာစကား ပြောကြားစဉ်။

(ပို့ဆောင်ရေး)

■ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများ လိုက်ပါ၍ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးရှိ မြန်မာမန်းအထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်သို့ရောက်ရှိရာအစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြစ်အတွင်းရှိ ဆိပ်ခံဖောတံတားအချို့ ပျက်စီးမှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်ဂျင်နီယာအဖွဲ့ဝင်များက ပြင်ဆင်ဆောင်ရွက်နေမှု၊ ပျက်စီးသွားခဲ့သည့် ဆိပ်ခံဖောတံတားများအနက် ခြောက်စင်းကို ပြင်ဆင်တပ်ဆင်ပြီးစီးမှုနှင့် နှစ်စင်းကို ဆယ်ယူဖယ်ရှားပြီးစီးမှု၊ ရန်ကုန်မြစ်နှင့် ပဲခူးမြစ်အတွင်း နစ်မြုပ်သွားခဲ့သော ရေယာဉ်များနှင့် သောင်တင်သွားသော ရေယာဉ်များအနက်၇၃စင်းအား ဖော်ယူဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍မြန်မာမန်းအထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတီတိုးနှင့် ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ငါးဒိုင်လုပ်ငန်းရှင်များက ငါးဖမ်းသင်္ဘောများ လုပ်ငန်းခွင် ဝင်ရောက်နေမှု၊ မြစ်ဝကျွန်းပေါ်မှ ရေချိုငါးများပုံမှန်အတိုင်း တစ်ရက်လျှင် တန်ချိန် တစ်သိန်းခွဲ ဝင်ရောက်လာမှု၊ မုန်တိုင်းဒဏ်သင့်ဒေသများဖြစ်ကြသော ဧရာဝတီတိုင်း လပွတ္တာနှင့် ဘိုကလေးမြို့တို့မှ မြစ်ချောင်းအင်းအိုင် ရေချိုငါးများ ဝင်ရောက်မှု၊ ပုစွန်တုပ်၊ ပုစွန်ပြောင်တုပ်၊ ပုစွန်ဖော့ချိတ်များ ဝင်ရောက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အချိန်ပြည့်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ကုန်စည်များ သွက်လက်မှန်ကန်စွာ စီးဆင်းနိုင်ရေးအတွက် ပြုပြင်ရန် ကျန်ရှိနေသော ဆိပ်ခံဖောတံတားများကို အမြန်ဆုံးပြုပြင်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ကြည့်မြင်တိုင်မြို့နယ်ရှိမြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမှတ်(၅) ဆိပ်ခံဖောတံတား ပြန်လည်တပ်ဆင်ရန် စီစဉ်ထားရှိမှု၊ အမှတ်(၃)ဆိပ်ခံဖောတံတားပြင်ဆင်ပြီးစီးမှု၊ ငါးဖမ်းရေယာဉ်များဖြင့် မြစ်ဝကျွန်းပေါ်ရှိ ရေချိုငါးများ ဝင်ရောက်လာမှု၊ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး ဆိပ်ခံဖောတံတား ပြင်ဆင်ပြီးစီးမှု၊ မြစ်ဝကျွန်းပေါ်မှ ရန်ကုန်မြို့သို့ ရေယာဉ်များဖြင့် ဆန်နှင့်ကုန်စည်များဝင်ရောက်မှု၊ဆိပ်ကမ်းမြို့နယ်ရှိ ဝါးတန်းဆိပ်ခံဖောတံတား၌ ပေ ၁၂၀ရှိ ဆိပ်ခံဖောတံတားအသစ်အစားထိုးပြင်ဆင်ထားရှိမှုနှင့် အမှတ်(၁) လှည်းတန်း ဖောတံတား ပြင်ဆင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမြန်ပြုပြင်

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြစ်အတွင်း ပျက်စီးသွားခဲ့သော ဆိပ်ခံဖောတံတားများကို အမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ကြည့်မြင်တိုင်ဈေးကြီး ဆိပ်ခံဖောတံတား၊ ဝါးတန်းအမှတ်(၆) ဆိပ်ခံ ဖောတံတား၊ လှည်းတန်း အမှတ်(၁)နှင့် အမှတ်(၂) ဆိပ်ခံဖောတံတား၊ ဒလခရီးသည်ဖောတံတားနှင့် မင်းရဲကျော်သူ ဆိပ်ခံဖောတံတားများကို ပြန်လည်ပြင်ဆင် တပ်ဆင်ပြီးဖြစ်သည်။ ကျန်ရှိနေသေးသော ဆိပ်ခံဖောတံတားများကိုလည်း အမြန်ဆုံး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဥပဒေရေးရာ ဆွေးနွေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၀၈ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးနှင့် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် ဥပဒေရေးရာ ဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဆင်မလိုက်ရှိ ရေကြောင်းပညာသိပ္ပံ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူး ဒေါ်မြသီဂီ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ စည်းရုံးရေးရာ ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ ဘဏ္ဍာရေးရာ ဌာနကြီးမှူး ဒေါ်အေးအေး၊ ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်မိမိ၊ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ ဒေသ စည်းရုံးရေးမှူး (ကချင်ပြည်နယ်) ဒေါ်ဝေဝေ၊ ဥပဒေပညာရှင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၏ ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်ဝန်ထမ်းများနှင့် ဆရာ ဆရာမများ၊ ရေကြောင်းပညာသိပ္ပံ အရာရှိလောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူး ဒေါ်မြသီဂီက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ဟောပြောဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှဥပဒေပညာရှင်များဖြစ်ကြသော ပါမောက္ခဒေါက်တာ ဒေါ်တင်မေထွန်းက ပင်လယ်ပြင်အတွင်း အပူတပြင်း လိုက်လံဖမ်းဆီးခွင့်ကိုလည်းကောင်း၊ ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါ်မြင့်ဆွေက အမျိုးသမီးများအား အကာအကွယ်ပေးထားသော ဥပဒေများအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဥပဒေ ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က ပင်လယ်ဓားပြနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဒေါ်မြသီဂီက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက လှိုင်သာယာမြို့နယ်ရှိ လေဘေးသင့်ကျောင်းများနှင့် ဝိသာခါသီလရှင် အမျိုးသမီးပညာသင်ကျောင်းသို့ ကျောင်းသုံးပစ္စည်း၊ ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးရာအဖွဲ့ဝင် ဒေသစည်းရုံးရေးမှူး (ကချင်ပြည်နယ်) ဒေါ်ဝေဝေနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ လေဘေးသင့်ကျောင်းများနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဝိသာခါသီလရှင်အမျိုးသမီးပညာသင်ကျောင်းတို့သို့ သွားရောက်၍ ကျောင်းသုံးပစ္စည်းနှင့် ဆန်၊ ဆီ၊ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူးဒေါ်ကြည်ကြည်ဝင်းနှင့်အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးသန်းတင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကျင်ကောတို့က လက်ခံသည်။

ယင်းနောက် ပြန်ကြားရေးရာ ဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်နှင့် ပေတံတို့ကို အတန်းလိုက် ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်များအား လက်ရောက် ပေးအပ် လှူဒါန်းကြသည်။

လက်ခံ

ဆက်လက်၍ပြန်ကြားရေးရာဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်းသို့သွားရောက်၍ အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ လက်ထောက်ပညာရေးမှူး ဦးမြတ်ဝေနှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ဝင်းတို့က လက်ခံပြီး အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်နှင့် ပေတံတို့ကို အတန်းလိုက် ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်များအား လက်ရောက် ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးရာအဖွဲ့ဝင် ဒေသစည်းရုံးရေးမှူး (ကချင်ပြည်နယ်) ဒေါ်ဝေဝေနှင့်အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ဝိသာခါ သီလရှင် အမျိုးသမီးပညာသင်ကျောင်းသို့သွားရောက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက အလှူငွေကျပ် တစ်သိန်းခွဲနှင့် ဗလာစာအုပ် ဒါဇင် ၁၀၀ နှင့် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် မိသားစုက ဆွမ်းဆန်တစ်အိတ်နှင့် ဆီ ခုနစ်ပိဿာတို့ကို ကျောင်းအုပ်ချုပ်သူ သီလရှင်ဆရာကြီး သဒ္ဓမ္မဇောတိက ဓဇ ဒေါ်ကိဿရထေရီနှင့် ဓမ္မာစရိယ ဒေါ်ဇေယျာနန္ဒီတို့ထံဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ယနေ့လှူဒါန်းသော လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် သုံးသိန်းခွဲ၊ ဗလာစာအုပ်ဒါဇင် ၃၀၀နှင့် စာရေးကိရိယာများဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးရာအဖွဲ့ဝင် ဒေသစည်းရုံးရေးမှူး (ကချင်ပြည်နယ်) ဒေါ်ဝေဝေနှင့် အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် အမှတ်(၄၁) အခြေခံပညာ မူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်နှင့် ပေတံများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူများလိုအပ်သော လျှပ်စစ်ဓာတ်အား ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေး ပူးပေါင်းဖော်ဆောင် ဆိပ်ကြီးခနောင်တို အုပ်ချုပ်ရေးမှူးရုံးနှင့် ဒလ-တွံတေး ဓာတ်အားလိုင်းသွယ်တန်းမှုလုပ်ငန်းများ

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှည့်လည်ကြည့်ရှု စစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၂၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၂၃ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ဆိပ်ကြီးခနောင်တိုမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ရှင်းလင်းခန်းမ၌ ဝန်ကြီးအား မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်နိုင်က မြို့နယ်အတွင်းရှိ ပြည်သူများအား စနစ်တကျ ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိစေရေးအတွက် System Improvement လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက ပြည်သူများလိုအပ်သော လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်စေရေးအတွက် ပူးပေါင်းဖော်ဆောင်သွားကြရန် မှာကြားပြီး မြို့နယ်ရုံးရှိ 33/6.6 KV (2MVA) ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ အခြေအနေ၊ Control Room ရှိ ဓာတ်အား အဝင်/အထွက်ဖီဒါများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒလမြို့နယ် ဆာပါချောင်ကျေးရွာအနီး၌ မြစ်ကျော်တာဝါတိုင် 33KV ဓာတ်အားလိုင်း Douvle Circuit ချိတ်ဆက် သွယ်တန်းထားရှိမှု အခြေအနေများနှင့် ဓာတ်အားလိုင်းခွဲထွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်း ချိတ်ဆက်သွယ်တန်းခြင်းဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒလမြို့နယ်နှင့် တွံတေးမြို့နယ် ၁၂မိုင် အကွာ ချိတ်ဆက်သွယ်တန်းသည့် 33KV ဓာတ်အားလိုင်း တိုင်ထူ/ကြိုးဆွဲခြင်းလုပ်ငန်းများနှင့် ရန်ကုန်ပေါက်ကျေးရွာအနီး လျှပ်စစ်ကျွမ်းကျင်လုပ်သားများ မီးရထားသံလမ်းများအသုံးပြု၍ 33KVဓာတ်အားလိုင်း တိုင်ထူ/လိုင်းကြိုးဆွဲခြင်းနှင့် ကြွေသီးတပ်ဆင်ခြင်း လုပ်ဆောင်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်ဝင်းက ဒလမြို့နယ် ကံဘဲ့ကျေးရွာလမ်းဆုံ ၇မိုင် ၂ဖာလုံကို 33KV ဓာတ်အားလိုင်း ၃၁၇ တိုင် တိုင်ထူ၊ ကြိုးဆွဲခြင်း၊ ကြွေသီးတပ်ဆင်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းများ အချိန်မီပြီးစီးစေရေးနှင့် ဓာတ်အားပို့လွှတ်နိုင်စေရေး အလေးထားဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ကံဘဲ့ကျေးရွာလမ်းဆုံမှ တွံတေးမြို့နယ်သို့ ၄မိုင် ၇ဖာလုံ အကွာအဝေး၊ 33KV ဓာတ်အားလိုင်း တိုင်ထူ/ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်ကျော်က တွံတေးမြို့နယ် အဝင်လမ်းခွဲတစ်လျှောက် 33KV ဓာတ်အားလိုင်း တိုင်ထူ/ကြိုးဆွဲခြင်း၊ ကြွေသီးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဓာတ်အားဖြန့်ဖြူးခြင်းဆိုင်ရာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲကို ဇွန် ၂၁ရက်က ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ရန်ကြီးအောင်လမ်းရှိ ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင် ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားသည်။

ပညာသင်ဆုပေးအပ်

ထို့နောက် ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ ပညာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေက ပညာသင်ဆုရရှိကြသော ဆေးတက္ကသိုလ်(၂) ပထမနှစ် ကျောင်းသူ မသိမ့်သိမ့်ဦးသို့ ဒုတိယအရစ် သုံးလအတွက် ငွေကျပ်တစ်သိန်းငါးသောင်း၊ ဆေးတက္ကသိုလ်(၁) ပထမနှစ်ကျောင်းသူ မအေးလဲ့သူသို့ ဒုတိယအရစ် ငွေကျပ် တစ်သိန်းနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပထမနှစ်ကျောင်းသူ မဆုဝေဖြိုးသို့ ဒုတိယအရစ် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်သည်။

ထောက်ပံ့ပေးသွားမည်

အသင်းဦးဆောင်နာယက ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ ပညာသင်ဆုမှာ ယခုနှစ်တွင် ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၌ တက်ရောက်ခွင့်ရပြီး ချို့တဲ့နွမ်းပါးကြသည့် ကျောင်းသူလေး သုံးဦးတို့အား ဘွဲ့ရသည်အထိ ပညာသင်ကြားနိုင်ရန် တစ်နှစ်လျှင် ငွေကျပ် ၁၀သိန်းဖြင့် ခြောက်နှစ်အတွက် ငွေကျပ်သိန်း ၆၀ကို ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ပညာရေးကော်မတီမှတစ်ဆင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၅

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို မြောင်းမြမြို့နယ်သူ မြို့နယ်သားများနှင့် ကျောင်းတိုက်ဝေယျာဝစ္စအဖွဲ့ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ (ဘီအိုစီ) ပိဋကတ်တိုက်ကျောင်း၌ ဇူလိုင် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

လှူဒါန်းနိုင်

နှစ်စဉ်ကဲ့သို့ ဆွမ်း၊ ဆွမ်းဟင်းများ ယူဆောင်လာကြပါရန်နှင့် ယူဆောင်ရန် အခက်အခဲရှိပါက ဆွမ်း၊ ဆွမ်းဟင်းဆက်ကပ်စရိတ်အလှူ ငွေကျပ်နှစ်ထောင်နှင့် ဝါဆိုသင်္ကန်းတစ်စုံ ငွေကျပ်သုံးထောင်နှုန်းတို့ဖြင့် အလှူငွေ နှစ်ရပ်ပေါင်း ငွေကျပ်ငါးထောင်ကို ဆက်ကပ်လှူဒါန်းရန် စီစဉ်ထားသည်။

ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းကြည် (ငြိမ်း) ဖုန်း-၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း-၂၂၅၃၇၅၊ ဒုတိယဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း-၆၃၈၂၂၅၊ ဒေါ်ရီရီဝင်း ဖုန်း-၂၅၁၃၂၃၊ အတွင်းရေးမှူးအဖွဲ့ ဖုန်း-၂၂၁၄၁၉၊ ၃၈၉၂၆၅၊ ၂၉၁၃၇၉၊ ၆၆၂၀၈၆၊ ဗိုလ်ကြီးသန်းထိုက်(ငြိမ်း) ဖုန်း-၇၀၉၄၁၇ နှင့် ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းက နံနက်စာထမင်းဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၅

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဇွန်၂၂ရက်နှင့်၂၃ရက်တို့တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဦးရင်စိန်နှင့် ဒေါ်တင်ဝင်း ကမာရွတ်မြို့နယ်တို့က ငွေကျပ် ၃၅၀၀၀၊ ဦးကြီးမြင့် ကော့ဝင်းကျေးရွာ ဝေါမြို့နယ်က ငွေကျပ်တစ်သောင်း၊ ဦးသန်းတင့်နှင့် ဒေါ်ညွန့်ယဉ်မိသားစုပုဇွန်တောင်မြို့နယ်ကငွေကျပ်တစ်သိန်း၊ ကျူလီယာမွတ်စလင်သာရေးနာရေးအဖွဲ့ ဗိုလ်ဆွန်ပက်လမ်းက ငွေကျပ်၂၅သိန်း**(အပေါ်ပုံ)**၊ MTM Co.,Ltd. က ငွေကျပ်သုံးသောင်း၊ ဦးစိုးတင့်နှင့် ဒေါ်တင်တင်မြင့်မိသားစု ဒဂုံမြို့နယ်က ငွေကျပ်နှစ်သောင်း၊ မိဘများအား အမှူးထား၍ ဗိုလ်ကြီး မျိုးမြင့်လေးနှင့် ဒေါ်အေးမြတ်စိုး၊ သား ဥက္ကာမျိုးမြင့် မိသားစု မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ်ငါးသောင်း၊ မြဝတီနယ်စပ် ကယ်ဆယ်ရေးပစ္စည်းများ လက်ခံရေးစခန်းမှ တစ်ဆင့် ငွေကျပ် ၁၃၆၉၀၀ တို့ ဖြစ်သည်။

လှူဒါန်း

ဇွန်၁၀ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း)နှင့်ဒေါ်ခင်ဌေးကြည် မိသားစု ရွှေပြည်သာမြို့နယ်ကငွေကျပ် ၁၁၁၅၀၀၊ လှောင်စန်တောင်ဘုရားကျောင်း လသာမြို့နယ်က ငွေကျပ်သိန်း ၂၀၊ အင်းစိန် စူဠာမဏိဘုရားကျောင်း လူမှုရေးအသင်းက ငွေကျပ်ငါးသိန်း၊ ဒုတိယဗိုလ်မှူးကြီးကြည်စိန်(ငြိမ်း)နှင့်ဒေါ်အေးအေးမြင့်၊ သမီးမသန်းသန်းထွေးမိသားစုဗဟန်းမြို့နယ်က ငွေကျပ်နှစ်သိန်း၊ ဦးကျော်ဇေယျနှင့် ဒေါ်သီတာနွယ်တို့၏သား မောင်ဝဏ္ဏသစ်လွင်၏ သုံးနှစ်မြောက်မွေးနေ့အလှူ ရေးမြို့က ငွေကျပ် ငါးသောင်း၊ ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများက ငွေကျပ် ၆၉၅၂၂၄၆၁၀၊ ဆော်ဒီအာရေဗျနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် အခြားအလှူရှင်များက အမေရိကန် ဒေါ်လာ၁၉၆၂၉၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရက ယူရိုငွေ ၆၁၆၂၀ဒသမ၃၆၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၊ တရုတ်နိုင်ငံသားများနှင့် ကုမ္ပဏီများ(ကူမင်း)က အမေရိကန်ဒေါ်လာ ၁၀၅၀၀၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ (ဂျကာတာ၊ အင်ဒိုနီးရှား)က အမေရိကန်ဒေါ်လာ ၄၅၄၄ ဒေါ်လာနှင့် The Buddhist Academy of Pannasastra (Cambodia) က အမေရိကန်ဒေါ်လာ ၆၀၀၀တို့ ဖြစ်သည်။

ဇွန် ၂၂ရက်က လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ်၂၀၃၈၁၉၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီအဖြစ်များရောဂါ ကြိုတင်ကာကွယ်ရေး မြစ်ကြီးနားမြို့နယ်၌ အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၅

မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မိုးရာသီအဖြစ်များရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဇွန် ၁၆ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာ ခမ်းမာရုံတွင်ကျင်းပသည်။

လက်တွေ့သရုပ်ပြ

ရှေးဦးစွာ မြစ်ကြီးနားခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဌေး **(အောက်ပုံ)** က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဖြူမာမြင့်က ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖွားရီက မိခင်နှင့်ရင်သွေးငယ်များ၏ စောင့်ရှောက်မှုဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆေးစိမ်ခြင်ထောင် ပြုလုပ်အသုံးပြုနည်းကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြသကြသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အဝါရောင်အင်္ကျီဝတ်ဆင်ရမည်ကို စပိန်နည်းပြ မနှစ်သက်

ဗီယင်နာ ဇွန် ၂၅

ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် စပိန်နှင့်ရုရှားတို့ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်၌ စပိန်အသင်းအနေဖြင့် အဝါရောင်ဂျာစီအင်္ကျီများကို ဝတ်ဆင်ကစားရန်စီစဉ်မှုအပေါ် အနှောင့်အယှက်တစ်ခုကဲ့သို့ မှတ်ယူစရာမရှိကြောင်း စပိန်အသင်းမှ တာဝန်ရှိသူများက ဇွန် ၂၅ရက်၌ ပြောကြားသည်။

စပိန်အသင်းဝတ်ဆင်မည့် အဝါရောင်သည် ၎င်းတို့၏ရိုးရာဓလေ့အရ ကံမကောင်းခြင်းကိုဖြစ်စေသည်ဟူသော ဝေဖန်မှုများနှင့်ပတ်သက်ပြီး အထက်ပါအတိုင်း ချေပပြောဆိုခြင်းဖြစ်သည်။

စပိန်နည်းပြ အာရာဂိုးနက်စ်

အနီရောင်

ပြိုင်ဘက်ရုရှားအသင်းက အကြိုဗိုလ်လုပွဲ၌ အနီရောင်ဝတ်စုံကို ဝတ်ဆင်ကစားမည်ဖြစ်သောကြောင့် စပိန်အသင်းက ဝတ်စုံပြောင်းလဲဝတ်ဆင်ခဲ့ရခြင်းဖြစ်သည်။ မိမိတို့အသင်းသည် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ကာ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ပြင်သစ်အသင်းနှင့် ချစ်ကြည်ရေးပွဲကစားခဲ့ရာ၌အနိုင်ရခဲ့ကြောင်း စပိန်ကွင်းလယ်ကစားသမား ဇာဗီးက ပြောကြားသည်။

မနှစ်သက်

စပိန်နည်းပြ အာရာဂိုးနက်စ်ကမူ အဝါရောင်ဝတ်စုံဖြင့် ဝတ်ဆင်ကစားမှုကို မနှစ်သက်ကြောင်း ပြောကြားခဲ့သည်။ စပိန်နည်းပြ အာရာဂိုးနက်စ်အနေဖြင့် အက်သလက်တီကို မက်ဒရစ်နည်းပြအဖြစ် တာဝန်ယူခဲ့စဉ်က ဘောလုံးသမားများ အဝါရောင်ဝတ်စုံဝတ်ဆင်ကစားမှုကို ကန့်ကွက်ခဲ့သူဖြစ်သည်။ ထို့အတူ ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဆင်နွှဲရန် စပိန်အသင်း ဒေါ့မွန်မြို့ကို ရောက်ရှိခဲ့စဉ်က အဝါရောင်ပန်းများနှင့် ပရိသတ်များကြိုဆိုမှုကို လက်မခံခဲ့သည့် ဖြစ်ရပ်လည်း ရှိခဲ့သည်။ စပိန်တို့အနေဖြင့် အဝါရောင်ကို ကံမကောင်းစေသည့် အရောင်အဖြစ်ယူဆထားသည်ဖြစ်ရာ လွန်ခဲ့သည့် ၁၉၇၀ပြည့်နှစ်က ပြင်သစ်အသင်းနှင့် ကစားခဲ့ရာတွင် အဝါရောင်ဝတ်စုံဝတ်ဆင်ကာ ကစားခဲ့သည့်အတွက် စပိန်တို့ အရှုံးနှင့်ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းလည်း ရှိခဲ့ဖူးသည်။

အကြိုဗိုလ်လုပွဲ

စပိန်အသင်း ယူရို၂၀၀၈ အကြိုဗိုလ်လုပွဲ၌ အဝါရောင်ဝတ်စုံဝတ်ဆင်ပြီး ယှဉ်ပြိုင်ကစားရမည့်အရေးကို စိုးရိမ်ပူပန်စိတ်ဖြစ်လျက်ရှိကြောင်း နည်းပြ အာရာဂိုးနက်စ်က ဝန်ခံပြောကြားနေသော်လည်း မိမိ၌ အဆိုပါ အယူအဆ အစွဲအလမ်းမရှိကြောင်း စပိန်ကွင်းလယ်ကစားသမား မာကို့စ်ဆန်နာက ပြောကြားခဲ့ရာ လက်တွေ့ ယှဉ်ပြိုင်ကစားသည့်အခါ မည်သို့ဖြစ်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ **(အင်တာနက်)**

အုပ်စုပွဲစဉ်က ရှုံးနိမ့်ခဲ့မှုအပေါ် စိုးရိမ်စိတ်ဖြစ်ပေါ်မှုမရှိဟု ဂူဟစ်ဒင့်ပြောကြား

ဗီယင်နာ ဇွန် ၂၅

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ အကြို ဗိုလ်လုပွဲအဖြစ် ဇွန် ၂၆ရက်၌ ရုရှားနှင့်စပိန်တို့ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် အုပ်စုပွဲကစားစဉ်က စပိန်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသော်လည်း ယခုအခါ စိုးရိမ်စိတ်များမရှိတော့ကြောင်း ရုရှားနည်းပြ ဂူဟစ်ဒင့်က ဇွန် ၂၅ရက်၌ ပြောကြားလိုက်သည်။

နည်းစနစ်ပြောင်းလဲထား

အုပ်စုပွဲ၌ စပိန်ကို လေးဂိုး-တစ်ဂိုးဖြင့် ရုရှားတို့ရှုံးနိမ့်ခဲ့ရခြင်းမှာ မိမိတို့အနေဖြင့် ဖွင့်ဆော်ဦးဆုံးပွဲစဉ်လည်းဖြစ်ပြီး နောက်တန်းခံစစ်မှူးများ၏ အမှားများကြောင့်လည်းဖြစ်ကြောင်း၊ ယခုအခါ မိမိအသင်းသည် ကစားနည်းစနစ် ပြောင်းလဲထားပြီးဖြစ်ရာ စပိန်အသင်းကိုအနိုင်ယူပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း ဂူဟစ်ဒင့်က ပြောကြားသည်။ **(အင်တာနက်)**

နယ်သာလန်ကလပ် အက်ဖ်စီတွမ်တီးကို အောင်မြင်မှုရရန် ကြိုးစားပေးသွားမည်ဟု နည်းပြ မက်ကလာရင်ပြောကြား

အက်ဖ်စီတွမ်တီးနည်းပြ မက်ကလာရင်

လစ္စဘွန်း ဇွန် ၂၅

မိမိအနေဖြင့် နယ်သာလန်ကလပ် အက်ဖ်စီတွမ်တီးကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း အင်္ဂလန်နည်းပြဟောင်း မက်ကလာရင် **(ဝဲပုံ)**က ဇွန်၂၅ရက်၌ ပြောကြားလိုက်သည်။

စတင်လေ့လာ

မက်ကလာရင်သည် နည်းပြအလုပ်လက်မဲ့ဖြစ်နေရာမှ နယ်သာလန်ကလပ် အက်ဖ်စီတွမ်တီး၌ နည်းပြအလုပ်ကို လက်ခံခဲ့ပြီးနောက် ယခုအခါ နယ်သာလန်သို့ ရောက်ရှိနေပြီဖြစ်သည်။ လောလောဆယ်တွင် ဘာသာစကားပြောဆိုမှုနှင့် နယ်သာလန်ဘောလုံးလောကကို စတင်လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

ကွာခြားမှုရှိ

နယ်သာလန်ဘောလုံးလောကနှင့် အင်္ဂလန်ဘောလုံးလောကတို့ ကွာခြားမှုရှိကြောင်း၊ သို့သော်လည်း မိမိကြိုးစားသွားမည်ဖြစ်ကြောင်း နယ်သာလန်၌ ကျင်းပသည့် ပထမဆုံးသတင်းစာရှင်းလင်းပွဲ၌ မက်ကလာရင်က ပြောကြားသည်။ **(အင်တာနက်)**

ဒူးခေါင်း ခွဲစိတ်ရမှုကြောင့် တိုက်ဂါးဝုဒ် လအတန်ကြာနားရမည်

နယူးယောက် ဇွန် ၂၅

ကမ္ဘာ့ထိပ်သီး ဂေါက်ရိုက်ကစားသမားတိုက်ဂါးဝုဒ်**(ယာပုံ)**သည် ဒူးခေါင်းအရွတ်စုတ်ပြဲသည့် ဒဏ်ရာကို ခွဲစိတ်ကုသရမည်ဖြစ်ရာ ဂေါက်သီးရိုက်ကစားခြင်းကို အချိန်ကာလအတန်ကြာ အနားယူရတော့မည်ဖြစ်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

တစ်ပတ်ကြာခွဲစိတ်မှု

တိုက်ဂါးဝုဒ်သည် မကြာမီရက်ပိုင်းအတွင်းက အမေရိကန်အိုးပင်း ဂေါက်ရိုက်ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့ပြီးနောက် သီတင်းတစ်ပတ်ကြာခွဲစိတ်မှုများ ပြုလုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လေးကြိမ်မြောက်

တိုက်ဂါးဝုဒ်အနေဖြင့် ဒဏ်ရာသက်သာပျောက်ကင်းသည်အထိ အနားယူမည်ဖြစ်ပြီး ပြိုင်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ နေမည်ဖြစ်သည်။ တိုက်ဂါးဝုဒ်၏ ဝဲဘက်ဒူးခေါင်းခွဲစိတ်မှုမှာ ယခုအကြိမ်နှင့်ဆိုလျှင် လေးကြိမ်မြောက်ရှိပြီဖြစ်သည်။ တိုက်ဂါးဝုဒ်သည် ယခုကဲ့သို့ ဒူးခေါင်းဒဏ်ရာခွဲစိတ်ကုသမှုကြောင့် ၂၀၀၈ခုနှစ် ဂေါက်ရိုက်ရာသီတွင် ပြိုင်ပွဲများ၌ပါဝင်ကစားနိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

လွဲချော်မည်

ယခုကဲ့သို့ ခွဲစိတ်ခဲ့မှုကြောင့် တိုက်ဂါးဝုဒ်သည် လာမည့်လတွင်ကျင်းပမည့် ရှိုင်ရယ်ဘာ့ခ်ဒေးလ်အိုးပင်းပြိုင်ပွဲ၊ စက်တင်ဘာလတွင် ဗယ်ဟယ်လ်လာ၌ ကျင်းပမည့် ရိုက်ဒါဖလားပြိုင်ပွဲတို့နှင့်လည်း လွဲချော်မည်ဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေနှင့်
ချစ်စိုးနိုင် စုစည်းသည်

ရုရှားနည်းပြဂူဟစ်ဒင့်၏ သွန်သင်မှု ပက်ဗလူချင်ကို ခြေစွမ်းတက်ခဲ့ဟုဆို

ဆဲလ်ဘတ် ဇွန် ၂၅

ရုရှားအသင်းမှတိုက်စစ်မှူးရိုမန်ပက်ဗလူချင်ကိုသည် အင်္ဂလန်အသင်း၏ ယူရို၂၀၀၈ခြေစစ်ပွဲ အောင်မြင်ရေးအိပ်မက်ကို ပျက်ပြယ်စေခဲ့ပြီးနောက် နည်းပြဂူဟစ်ဒင့်၏ သွန်သင်မှုကြောင့် ပိုမိုခြေစွမ်းတက်လာသော ကစားသမားအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။

တိုက်စစ်မှူး ပက်ဗလူချင်ကို

အသက်၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး ပက်ဗလူချင်ကိုသည် ၂၀၀၇ ခုနှစ် အောက်တိုဘာလက စတိဗ်မက်ကလာရင်၏ အင်္ဂလန် လက်ရွေးစင် အသင်းအား ရုရှားနိုင်ငံ လုဇ်နီကီ အားကစားကွင်းတွင် ခြေစွမ်းပြကာ နှစ်ဂိုးသွင်း ယူ ခဲ့ သည်။ သို့သော် ရုရှားအသင်း ယူရို ၂၀၀၈ ခြေစစ်ပွဲ အောင်မြင်ရေးမှာ လုံးလုံးလျားလျား ချောမွေ့အဆင်ပြေခဲ့သည် မဟုတ်ချေ။

အပြည့်အဝရှိ

ရုရှားနည်းပြ ဂူဟစ်ဒင့်သည် အသင်း၏ လက်ရွေးစင် ၂၃ဦးတွင် ပါဝင်နိုင်စေရန် ပက်ဗလူချင်ကိုအား ကိုယ်အလေးချိန်လျှော့ချစေခဲ့သောကြောင့် ယခုအခါ ပက်ဗလူချင်ကိုအား ရုရှားအသင်း၌ ထည့်သွင်းခဲ့ပြီး ဗိုလ်လုပွဲသို့ရောက်အောင် ပို့ဆောင်နိုင်သည့်စွမ်းရည် ၎င်းတွင် အပြည့်အဝရှိနေပြီဟုဆိုသည်။(အင်တာနက်)

ပီတာခရော့ချ်အားခေါ်ယူရေးလက်လျှော့ရတော့မည် ပို့စ်မောက်နည်းပြ ရက်နက်ပြောကြား

လန်ဒန် ဇွန် ၂၅

လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်ကို ခေါ်ယူရေး မိမိတို့ လက်လျှော့ရတော့မည်ဖြစ်ကြောင်း ပို့စ်မောက်နည်းပြ ရက်နက် **(ယာပုံ)**က ဇွန်၂၅ရက်၌ ပြောကြားသည်။

ပြောင်းရွှေ့ကြေး

လီဗာပူးကလပ်က တိုက်စစ်မှူးပီတာခရော့ချ်ကို ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဈေးခေါ်နေသဖြင့် မိမိတို့ ၎င်းငွေကြေး ပမာဏကို မပေးနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ရက်နက်က ပြောကြားသည်။

ပို့စ်မောက် အသင်းပိုင်ရှင်များက ယင်းငွေကြေးပမာဏထက် လျော့နည်းသောငွေကြေးဖြင့် ပီတာခရော့ချ်ကို ဝယ်ယူလိုသော်လည်း လီဗာပူးက အဆိုပါ ငွေကြေးရမှသာ ရောင်းချမည်ဟု ဆိုထားသည်။ **(အင်တာနက်)**

အိန္ဒိယ၌ ကျင်းပမည့် အေအက်ဖ်စီဖလားပြိုင်ပွဲဝင်ရန် သုံးပွင့်ဆိုင် ခြေစမ်းပွဲကျင်းပပြီး ပဏာမမြန်မာ့လက်ရွေးစင်ရွေးမည်

ရန်ကုန် ဇွန် ၂၅

၂၀၀၈ခုနှစ် ဇူလိုင်၃၀ရက်မှ ဩဂုတ်၁၀ရက်အထိ အိန္ဒိယနိုင်ငံတွင်ကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလက်ရွေးစင်အသင်းသည် ပဏာမလက်ရွေးစင်အသင်းအား ရွေးချယ်ဖွဲ့စည်းနိုင်ရန်အတွက် ဇွန်၂၆ရက်မှ ၃၀ရက်အထိ သုံးပွင့်ဆိုင်ခြေစမ်းပွဲများ ကျင်းပမည်ဖြစ်သည်။

အနီရောင်အသင်း

သုံးပွင့်ဆိုင် ခြေစမ်းပွဲကစားမည့် အနီရောင်အသင်းတွင် **ဂိုး**- အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ သီဟစည်သူ (စီးပွား/ကူးသန်း)၊ **နောက်တန်း**- မင်းသူ (စီးပွား/ကူးသန်း)၊ အေးဆန်း(ကမ္ဘောဇ)၊ ဝင်းဇော်အောင်(မြို့တော်စည်ပင်)၊ သူရအောင်(ဘဏ္ဍာ/အခွန်)၊ ခင်မောင်လွင်(လယ်/ဆည်)၊ အောင်ဝင်းနိုင်(မြို့တော်စည်ပင်)၊**အလယ်တန်း**-နေဝင်း(ကမ္ဘောဇ)၊ အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင်(စွမ်းအင်)၊ အောင်မျိုးသန့်(စီးပွား/ကူးသန်း)၊ မျိုးမင်းထွန်း(စီးပွား/ကူးသန်း)၊ **ရှေ့တန်း**- စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)၊ ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ စည်သူဝင်း(ပြည်ထဲရေး)၊ အောင်ကျော်မိုး(စွမ်းအင်)နှင့် စထက်နိုင်ဝင်း(စီးပွား/ကူးသန်း)တို့ပါဝင်ကြသည်။

အဝါရောင်အသင်း

အဝါရောင်အသင်းတွင် **ဂိုး**- ကျော်ဇင်ထက်(ကမ္ဘောဇ)၊ **နောက်တန်း**- ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ အောင်ကိုမင်း(ကာကွယ်ရေး)၊ မိုးဝင်း(စီးပွား/ကူးသန်း)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ ဌေးအောင် (ကာကွယ်ရေး)၊ ကျော်ဇေယျာဝင်း(ပို့ဆောင်ရေး)၊ **အလယ်တန်း**- ရာဇာဝင်းသိန်း (စီးပွား/ကူးသန်း)၊ ထွန်းထွန်းဝင်း (စီးပွား/ကူးသန်း)၊ စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ စိုးလင်းထွန်း(ဘဏ္ဍာ/အခွန်)၊ အောင်မိုး(မြို့တော်စည်ပင်)၊ **ရှေ့တန်း**- ရဲဝေယံစိုး(ကာကွယ်ရေး)၊ စည်သူသန်း(ဆောက်လုပ်ရေး)၊ကျော်သီဟ (ကမ္ဘောဇ)နှင့် တင်အောင်မိုး(လယ်/ဆည်)တို့ပါဝင်ကြသည်။

အပြာရောင်အသင်း

အပြာရောင်အသင်းတွင် **ဂိုး**-ဟိန်းကျော်သူ(မြို့တော်စည်ပင်)၊ ညီညီလွင် (ပြည်ထဲရေး)၊**နောက်တန်း**-ခင်မောင်ထွန်း (ဘဏ္ဍာ/အခွန်)၊ ဝင်းမင်းထွဋ် (ပို့ဆောင်ရေး)၊ မျိုးဇော်ထွန်း (စီးပွား/ကူးသန်း)၊ ကျော်ဇေယျာမင်း (ပို့ဆောင်ရေး)၊ ဉာဏလွင်(ကမ္ဘောဇ)၊ **အလယ်တန်း**- အောင်မြင့်အေး (မြို့တော်စည်ပင်)၊ နေဇော်ထက်(ကမ္ဘောဇ)၊ ကျော်ဌေးဦး (မြို့တော်စည်ပင်)၊ ပိုင်စိုး(ဘဏ္ဍာ/အခွန်)၊ ဝင်းဇော်ထိုက်(ကာကွယ်ရေး)၊**ရှေ့တန်း**-ကျော်သူရ (ဘဏ္ဍာ/အခွန်)၊ လှအေးထွေး (မြို့တော်စည်ပင်)၊ ပြည့်ဖြိုးဦး (ပို့ဆောင်ရေး)၊ အောင်ဇော်လင်း(Royal Eleven) နှင့် ထွန်းမင်းဦး(ကမ္ဘောဇ)တို့ပါဝင်ကြသည်။

ကစားကြမည်

ခြေစမ်းပွဲများကို ဇွန်၂၆ရက်**(ယနေ့)**တွင် အနီရောင်အသင်းနှင့် အဝါရောင်အသင်း၊ ၂၈ရက်တွင် အဝါရောင်အသင်းနှင့် အပြာရောင်အသင်း၊ ၃၀ရက်တွင် အပြာရောင်အသင်းနှင့် အနီရောင်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ ညနေ၃နာရီ ၄၅မိနစ်တွင် စတင်ကစားကြမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်၅၀၀နှင့် ရိုးရိုးတန်း ကျပ်၂၀၀ သတ်မှတ်ထားသည်။

မြန်မာ့လက်ရွေးစင် အသင်း၏ နည်းပြချုပ်ဖြစ်သူ မားကို့စ်အန်တိုနီယိုဖလော်ပါ(ဘရာဇီး)သည် ယင်းခြေစမ်းပွဲများကို ကြည့်ရှု၍ ပဏာမလက်ရွေးစင်အသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး ဇူလိုင် ၁ရက်မှစ၍ စခန်းဝင် လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။**(မြန်မာ့အလင်း)**

ရုရှား ကွင်းလယ်ကစားသမား ဆီအန်ကို ဒူးခေါင်းဒဏ်ရာကြောင့် လေ့ကျင့်ကွင်းမဆင်းနိုင်

ဘေဆယ် ဇွန် ၂၅

ရုရှားလက်ရွေးစင်အသင်း ကွင်းလယ်ကစားသမားအိုင်ဗန်ဆီအန်ကို**(ဝဲပုံ)**သည် ဒူးခေါင်းဒဏ်ရာကြောင့် ဇွန် ၂၃ရက်က လေ့ကျင့်ရေးကွင်း မဆင်းနိုင်ခဲ့ကြောင်း ရုရှားအမျိုးသားဘောလုံးအဖွဲ့က ကြေညာခဲ့သည်။

ကြိုတင်ပြင်ဆင်

ရုရှားအသင်းသည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဇွန်၂၆ရက်တွင် စပိန်အသင်းနှင့် ကစားရမည့် အကြိုဗိုလ်လုပွဲအတွက် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

ဆီအန်ကိုသည် ရုရှားနိုင်ငံမှ ပြည်ပသို့သွားရောက်ကစားနေသည့် တစ်ဦးတည်းသော ကစားသမားဖြစ်ပြီး ရုရှားအသင်း နယ်သာလန်နှင့်ကစားရာ အချိန်ပို၌ နယ်သာလန်အား အနိုင်ရခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် သာမန်ပွဲချိန်ပြည့်သည်အထိ အရန်ထိုင်ခုံတွင် ထိုင်နေခဲ့ရသူဖြစ်သည်။ **(အင်တာနက်)**

ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဆေးအကာကွယ်ပေးရေးအထူးအဖွဲ့က ဘိုကလေးမြို့နှင့် ကျေးရွာများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိ

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဇွန် ၂၅

မုန်တိုင်းသင့် ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နှင့် ကျေးရွာများရှိ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ စောင့်ရှောက် ဆောင်ရွက်ပေးလျက်ရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာန၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး၊ ဆေးအကာကွယ်ပေးရေး အထူးအဖွဲ့မှ ဒုတိယ ဗိုလ်မှူးကြီးကျော်ထွန်း ဦးဆောင်သောအဖွဲ့ဝင်များနှင့် မိမိတို့သတင်း အဖွဲ့ဝင်များ စတင် ထိတွေ့မှုကား မှတ်မှတ်ရရ ရှိလှသည်။

ဘိုကလေးမြို့၏ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်လျက်ရှိသည့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ ဇွန်၁၀ရက်က ကြိမ်ချောင်းကြီး၊ စက်ဆန်း ကျေးရွာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်အတွင်း လမုအုပ်ကြီးကျေးရွာသို့ ရောက်ရှိစဉ် ရှင်သာမဏေ ကိုရင်လေးတစ်ပါးသည် ခြေထောက်ပြောင့်ဆူး၍ ထော့နင်းထော့နင်းဖြစ်နေသည်ကို ဝန်ကြီးက သတိပြုမိပြီး ဒဏ်ရာအတိမ်အနက်အရ ဘိုကလေးမြို့သို့ တစ်ပါတည်း ပင့်ဆောင်လာခဲ့သည်။ ခရီးစဉ်အတွင်း ကျေးရွာများ၌ ဆေးကုသစဉ် ဆေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်းသည် ခေါင်းမူးသူ၊ ဗိုက်နာသူ၊ ထိခိုက်ဒဏ်ရာရသူ၊ အကြောတက်သူ၊ ဖျားနာသူ၊ ချောင်းဆိုးသူ ဝေဒနာရှင် ရွာသူရွာသား အားလုံးကို ရင်းရင်းနှီးနှီး ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ မမောနိုင်မပန်းနိုင် စေတနာအပြည့်ဖြင့် ဆေးကုသပေးနေသည်ကို ကျွန်တော် မှတ်မှတ်ရရ ဖြစ်နေမိပါသည်။

သို့ဖြစ်၍ ဆေးအထူးအဖွဲ့၏ ဆောင်ရွက်နေမှုတို့ကို စာဖတ်ပရိသတ်များထံ တင်ပြနိုင်ရန် ဘိုကလေးမြို့ရှိ ဆေးအကာကွယ်ပေးရေး အထူးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်းနှင့် သွားရောက် တွေ့ဆုံခဲ့ပါသည်။

မိမိတို့သတင်းအဖွဲ့ဝင်များ ဆေးအထူးအဖွဲ့အခြေစိုက်စခန်းသို့ ရောက်ရှိချိန်ကား နံနက် ၈နာရီထိုးစပြုပေပြီ။ သို့သော် အဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်မှူးကြီးကျော်ထွန်းနှင့်အဖွဲ့ဝင်များက ယာယီဆေးကုသဆောင်များရှိ လူနာများနှင့် ပြင်ပလူနာများကို မမောနိုင်မပန်းနိုင် ဆေးကုသပေးနေ၍ ထမင်းစား ခေတ္တရပ်နားချိန် ၁၁နာရီ ကျော်မှသာ တွေ့ဆုံ မေးမြန်းခွင့်ရခဲ့သည်။

ရှေးဦးစွာ တပ်မတော်အရိုးအထူးကုဆေးရုံကြီးမှ အရိုးရောဂါ ခွဲစိတ်ပါရဂူ ဒုတိယဗိုလ်မှူးကြီးကျော်ထွန်းက "ကျွန်တော်တို့ အဖွဲ့မှာ ဆရာဝန်ခုနစ်ဦး၊ အုပ်ချုပ်မှု အရာရှိတစ်ဦး၊ အခြားအဆင့် ၂၆ ဦး ရှိပါတယ်။ **ဘိုကလေးမြို့နဲ့ အနီးတစ်ဝိုက်မှာ ရှိတဲ့ ရောဂါဝေဒနာရှင်များကို တစ်နေရာတည်းမှာ အခြေပြု၍ ရောဂါကုသမှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေသလို ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလဲ ဆောင်ရွက်ပေးနေပါတယ်။** ကျွန်တော်ဟာ ဒီဘိုကလေးမြို့သား ဖြစ်ပါတယ်။ ဒီမှာ တာဝန်ကျတဲ့အတွက် ကိုယ့်မြို့ကို ကိုယ်ပြန်ပြီး ကျေးဇူးဆပ်ခွင့်ရခဲ့ပါတယ်။ မေ ၁၅ ရက်မှာ ရောက်ပါတယ်။ မေ ၁၆ ရက်မှာပဲ ယာယီ ရွက်ဖျင်တဲတွေထိုးပါတယ်။ ၁၇ရက် ညနေ ၃ နာရီလောက်ကစပြီး ဆေးစကုပါတယ်။ ခွဲစိတ်ခန်းလေးမှာလည်း ညနေပိုင်းမှာစပြီး ခွဲစိတ်ကုသမှုကို စတင် ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ အဖွဲ့ဝင်တွေ အားလုံး တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြတဲ့အတွက် မြို့ခံလူထုက ပထမတစ်ပတ်အတွင်းမှာပဲ ထိခိုက်ဒဏ်ရာရမှုတို့၊ ဖျားနာသူတွေ အပါအဝင် တစ်ရက်တည်းမှာ လူနာပေါင်း ၆၄၀လောက် ဖြစ်တဲ့နေ့တွေလဲ ရှိပါတယ်။ ဒီဘက်ပိုင်းမှာတော့ အနည်းဆုံးတစ်နေ့ကို ၃၀၀နဲ့၄၀၀ကြားပဲရှိပါတယ်။အဓိက ရောဂါတွေကတော့ ထိခိုက်ဒဏ်ရာတွေ၊ အဆုတ်အအေးမိ ရောဂါတွေ ဖြစ်ကြပါတယ်။ ဝမ်းပျက်ဝမ်းလျှော ရောဂါကတော့ မရှိသလောက်ပါပဲ။ အရိုး၊ အကြောအဆစ်နဲ့ ပတ်သက်တဲ့ ရောဂါအတော်များများလဲ လာပြကြပါတယ်။ ကျွန်တော့် အနေနဲ့ တစ်ဖက်က အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့အတွက် လိုအပ်တဲ့ အုပ်ချုပ်ထောက်ပံ့မှုလုပ်ငန်းများကို ကွပ်ကဲဆောင်ရွက်သလို ကုသမှုအလုပ်ကိုလည်း ပါဝင်ဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့ အဖွဲ့ဝင်တွေ အားလုံး ယခု သုံးပတ်ကျော် ကာလအတွင်း တစ်ချက်ကလေးမှ မနားကြဘဲဆောင်ရွက်နေပါတယ်။ တနင်္ဂနွေနေ့တစ်ရက်ကို ပြင်ပလူနာတွေ ခဏနားပြီး အရေးပေါ် လူနာတွေကို ကုသပေးပါတယ်။ တနင်္ဂနွေနေ့မှာ တစ်ပတ်လုံးစာအတွက်ဆေးဝါးကိစ္စတွေ၊ ခွဲစိတ်တဲ့ ကိစ္စတွေကို ပြန်လည်ပြင်ဆင်ဖို့ဖြစ်ပါတယ်။ ဒါတောင် မနက်ပိုင်းမှာ ဖြစ်ပါတယ်။ အရေးပေါ် လူနာတွေကိုတော့ ခွဲစိတ်ကုသပေးပါတယ်။ ယခု ဇွန်၁၁ ရက် အထိ လူနာ ၁၀၀၀၀နီးပါးကို ကုသပေးပြီးဖြစ်ပါတယ်။ ရန်ကုန်ကို မဖြစ်မနေ သွားရမယ့် ရောဂါကလွဲရင် ဒီမှာပဲ ရနိုင်သလောက် လုပ်ပေးပါတယ်။ ကုသမှုနဲ့အတူ ရောဂါကာကွယ်မှု လုပ်ငန်းတွေကိုလည်း တစ်ပါတည်း ဆောင်ရွက်လျက်ရှိပါတယ်။ ရွာတွေကိုလည်း ကွင်းဆင်းကုသပေးမှုတွေကိုလည်း ဆောင်ရွက်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

မိမိတို့သတင်းအဖွဲ့ဝင်များ ဆေးအကာကွယ်ပေးရေး အထူးအဖွဲ့စခန်းမှ ပြန်ထွက်လာချိန်ကား မွန်းလွဲပိုင်းသို့ပင်ရောက်လုပြီဒုတိယဗိုလ်မှူးကြီး ကျော်ထွန်း ခေါင်းဆောင်သော ဆေးအဖွဲ့ဝင်များကား ဘိုကလေးမြို့ပေါ်နှင့် ရွာနီးချုပ်စပ်တို့မှ ဝေဒနာရှင်ပြည်သူများအား မမောနိုင်မပန်းနိုင် ဆေးဝါး ကုသပေးလျက်ပင်။ ။

အရေးပေါ်လူနာတွေကိုလည်း ကုသပေးပါတယ်။

ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ဆေး အကာကွယ်ပေးရေးအထူးအဖွဲ့မှ ဒုတိယ ဗိုလ်မှူးကြီး ကျော်ထွန်း။

ဒုတိယဗိုလ်မှူးကြီးကျော်ထွန်းနှင့်အဖွဲ့ ဘိုကလေးမြို့၌ ဆေးဝန်ထမ်း ဆေးအကာကွယ်ပေးစဉ်။

ဘိုကလေးမြို့နဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ ရောဂါဝေဒနာရှင်များကို တစ်နေရာတည်းမှာ အခြေပြု၍ ရောဂါ ကုသမှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေသလို ရောဂါကာကွယ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနေပါတယ်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့

စတုတ္ထအကြိမ် ညီလာခံ

ဗဟိုဦးစီးအဖွဲ့အစည်းအဝေး

၂၈-၆-၂၀၀၈ ကရဝိက်နန်းတော်

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသားညီလာခံကိုယ်စားလှယ် ဦးဘိုသိန်း (စာရေးဆရာ တောင်တွင်းဘိုသိန်း)၏ စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ် ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင် ဦးဘိုသိန်း (စာရေးဆရာ တောင်တွင်းဘိုသိန်း)က စာအုပ်များလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင် စာရေးဆရာ တောင်တွင်းဘိုသိန်းက The National Convention Sights and Scences of Nyaunghnapin Camp 2004-2006 စာအုပ်အုပ်ရေ ၃၀၀ကို ပေးအပ်လှူဒါန်းရာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့်စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်၌ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက အောင်ဇေယျာလမ်းအတွင်း စုပေါင်း သစ်ပင်များစိုက်ပျိုးကြစဉ်။ (၁၇၀)

သထုံအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇွန် ၂၅

သထုံအသင်း(ရန်ကုန်)၏ (၂၈)ကြိမ်မြောက် သီရိဝေလာပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ နိုင်ငံတော်ကဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်ရ သထုံမြို့မှ ဆရာတော်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဇူလိုင် ၆ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီခွဲတွင် စမ်းချောင်းမြို့နယ် ဗားကရာတိုက်အတွင်းရှိ ကိုးထပ်ကြီး ဘုရားသင်္ဃိသုခမ္မောရုံတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသင်းဝင်များနှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ သထုံမြို့သူ မြို့သားများ ကြွရောက်ကြပါရန်နှင့် ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ ဦးမြင့်သိန်း ဖုန်း-၅၅၄၁၀၀(လိုင်းခွဲ ၂၈၃) နှင့် ဒေါ်ခင်မကြီး ဖုန်း-၅၇၇၇၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဟိုပန်မြို့၌ ဆင်းရှေလီ အထူးအထွက်တိုး နွေစပါးစံကွက်ရိတ်သိမ်း

ဟိုပန် ဇွန် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဟိုပန်မြို့တွင် ဆင်းရှေလီအထူးအထွက်တိုး နွေစပါးတစ်ဧက တင်း ၂၀၀အထက်ထွက်ရှိရေး စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၉နာရီက မန်မိုင်ရပ်ကွက် ကွင်းအမှတ်(၁) ဦးပိုင်အမှတ်(၇)ဦးအိုက်မတ် လုပ်ကိုင်သည့် ၂ ဒသမ ၈၀ ဧကရှိ လယ်မြေ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ဒုတိယမန်နေဂျာ ဦးကျော်ရွှေ၊ ခရိုင်မန်နေဂျာ ဦးမြင့်အောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးနေဝင်း၊ မြို့နယ်မန်နေဂျာဦးကျော်ဇင်၊ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်မြေစာရင်း ဦးစီးဌာနဦးစီးမှူး ဦးနေဝင်းက ၂၀၀၇-၂၀၀၈ခုနှစ် မြို့နယ်အတွင်းဆင်းရှေလီ အထူးအထွက်တိုး နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေ၊ တစ်ဧကတင်း၂၀၀ အထက်ထွက်ရှိရေး ရည်မှန်းစိုက်ပျိုးထားရှိမှု အခြေအနေနှင့် နွေစပါးစံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းတင်ပြသည်။**(အောက်ပုံ)**

အထွက်နှုန်း

ယင်းနောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက စံပြကွက်မှ နွေစပါးစံကွက်ရိတ်သိမ်း ခြွေလှေ့ ခြင်တွယ်မှုကို ကြည့်ရှုအားပေးရာ ၀ ဒသမ ၀၀၁ ဧကရှိ စံကွက်သုံးကွက်မှ ပျမ်းမျှစပါးအစို ၂၉၂ ဒသမ ၈၇ တင်း၊ အခြောက် ၂၆၃ဒသမ၆၀တင် နှုန်းထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှင့် စာအောင်သံဃာများအား အုတ်တွင်းမြို့၌ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း

အုတ်တွင်း ဇွန် ၁၉

အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး၏ နှစ်ပတ်လည်နေ့၊ မဟာဂန္ထဝါစကပဏ္ဍိတဂုဏာဝိသိဋ္ဌပူဇာနှင့် စာအောင်သံဃာတော်များအား လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ဇွန် ၆ ရက်က အုတ်တွင်းမြို့ ကံကလေးတောရ ရွှေကျင်ကျောင်းစာသင်တိုက် သုရိန္ဒာရာမဓမ္မဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောသလ္လထံမှ ပရိသတ်အပေါင်းတို့က ရှစ်ပါးသီလ ခံယူ ဆောက်တည်ကြပြီး အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး၏ (၆)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်နေ့နှင့် ဂုဏာဝိသိဋ္ဌပူဇော်ပွဲအကြောင်းကို ဂေါပကဦးစံထွေးက ရှင်းလင်းပြောကြားသည်။

ဖတ်ကြား

ထို့နောက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသော တိုက်အုပ်စာချ ဆရာတော် သာသနဓဇ ဓမ္မာစရိယဘဒ္ဒန္တဝိဇ္ဇာနန္ဒ၏ ထေရုပ္ပတ္တိကို စာချဆရာတော် ဘဒ္ဒန္တယသက ဖတ်ကြားတင်ပြပြီး မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိတော်မူသောတိုက်အုပ်စာချဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝိဇ္ဇာနန္ဒနှင့် ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများ၊ စာအောင်သံဃာတော်၄၆ပါးတို့အားဦးခင်မောင်ဝင်း-သီရိသုဓမ္မသီဂီဒေါ်သန်းသန်းနွဲ့နှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။**(အပေါ်ပုံ)**

ရေစက်ချ

ဆက်လက်၍ တောကျွဲအင်းမြို့ မဇ္ဈိမာရုံတောရ ဆရာတော် ဘဒ္ဒန္တဝိလာသထံမှ အနုမောဒနာတရားနာယူ၍ အလှူရှင်အပေါင်းတို့က ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။ (၃၁၆)

ဖလမ်းမြို့၌ အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုး

ဖလမ်း ဇွန် ၈

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ကြီးကြပ်မှုဖြင့် မြို့အဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင်တွင် ပန်းပင်များ စိုက်ပျိုးခြင်းနှင့် ဗိုလ်ချုပ်လမ်းဘေးတွင် အရိပ်ရပင်များ စိုက်ပျိုးခြင်းတို့ကို ဇွန် ၇ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးလလ်ဟွမ်အန်းနှင့်အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆိုင်းဘုတ်အသစ်

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် သာမန်ပြင်ဆင် ထိန်းသိမ်းစရိတ်ဖြင့် ဆောင်ရွက်သော မြို့ဝင်ဆိုင်းဘုတ်အသစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် မေ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် မေ၃၀ ရက်က ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်ယန္တရားများကို စစ်ဆေးရာ အမှုဆောင်အရာရှိဦးကျော်လှကရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဇန်းမောက်မြို့ စာပန်းအိမ်စာကြည့်တိုက်သို့ ရုပ်မြင်သံကြားပြစက်နှင့် ဒီဗွီဒီစက်လှူဒါန်း

ဇန်းမောက် ဇွန် ၁၂

ကသာ ခရိုင် ဇန်းမောက် မြို့နယ် ကန်ကုန်း ကျေးရွာ စာပန်းအိမ်စာကြည့်တိုက်သို့ မော်လိုက်မြို့နေ ဦးဌေးဝင်း မိသားစုက ရုပ်မြင်သံကြားပြစက်၊ ဒီဗွီဒီစက်နှင့် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို မေ ၂၇ရက်က အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဦးဌေးဝင်းက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ဆက်လက်၍ ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက် တစ်လုံး၊ ငွေကျပ် ၄၅၀၀၀တန်ဖိုးရှိ ဒီဗွီဒီအောက်စက် တစ်လုံးနှင့် ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ စာအုပ်များကို ကျေးရွာစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်က လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မနောပူရဏီလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇွန် ၁၅ ရက်က ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရေမျှတစွာရရှိရေး ဟားခါးမြို့၌ ရေပိုက်လိုင်းများပြုပြင်

ဟားခါး ဇွန် ၁၂

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ (၂) ဦးကျော်ကျော် ဦးဆောင်သော အဖွဲ့သည် ဇွန် ၇ ရက်က မြို့တွင်းရေမျှတစွာရရှိရေးအတွက် ရေဖြန့်ဝေပိုက်လိုင်းများ ပြန်လည်စစ်ဆေး၍ ပြုပြင်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတမ်အောင်က ကြီးကြပ်စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

အထူးဈေးရောင်းပွဲ ရေဦးမြို့၌ဖွင့်

ရေဦး ဇွန် ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၅ရက် နံနက် ၈နာရီက ရေဦးမြို့ပြည်သူ့အားကစားရုံရှေ့ရှိ မုခ်ဦးမဏ္ဍပ်၌ကျင်းပသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရှေးဦးစွာ အထူးဈေးရောင်းပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဆားလင်းကြီးချည်မျှင်နှင့် အထည်စက်ရုံမှ စက်ရုံမှူးဗိုလ်မှူးကျော်ဇံသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဖွင့်ပွဲမုခ်ဦးကို အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ဝင်းမြင့်က စက်ခလုတ်ကိုနှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုလေ့လာ

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှဗိုလ်မှူးကြီးဝင်းမြင့်ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်သူများနှင့်ပြည်သူများကအထူးဈေးရောင်းပွဲကို ကြည့်ရှုလေ့လာကြပြီး လိုအပ်သည့် ပစ္စည်းများ ဝယ်ယူအားပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လေဘေးဒဏ်သင့်သဒ္ဓမ္မဝါစီ ဟဿာတပရိယတ္တိစာသင်တိုက် အမိုးအကာများပြန်လည်ပြုပြင်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၂၅

မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော သဒ္ဓမ္မဝါစီဟဿာတပရိယတ္တိစာသင်တိုက်ကြီး၏အမိုးအကာများ ပြန်လည်ပြုပြင်ရန်နှင့် ပျက်စီးယိုယွင်းနေသော သုံးထပ်ကျောင်းဆောင်သစ်ကြီး ပြန်လည်ဆောက်လုပ်ရန်အတွက် (၈)ရပ်ကွက် မဓာဝီလမ်း အမှတ်(၃၄၇)နေ ဦးမြမောင်-ဒေါ်ခင်လှ (မြတ်မောင်ရွှေဆိုင်) မိသားစုက အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသီရိထံ ဇွန်၁၅ရက်က လှူဒါန်းရာ သာသနာနုဂ္ဂဟသဟပုညကာရီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် အတွင်းရေးမှူးဦးခင်ဇော်တို့က လက်ခံယူကြသည်။(ဝဲပုံ)

လေဘေးဒဏ်သင့် အဆိုပါ စာသင်တိုက်ကြီးသို့ လှူဒါန်းလိုပါက ဖုန်း-၆၉၈၂၃၁၊ ၆၉၉၄၃၀နှင့် ၆၉၀၅၈၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၁၈)

ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ္မ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် ဆရာတော် ဘဒ္ဒန္တနန္ဒိယထံသို့ ဦးတင်အောင်ကျော်-ဒေါ်ညိုညိုချစ်(USA) ကိုယ်စား ဦးမောင်မောင်ကြည်-ဒေါ်ရီရီချစ်၊ သမီး မီမီလွင်၊ မမြတ်သူဇာ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် တိုက် ၃၁ အခန်း ၄၀၄ စီဘလောက် ၁လမ်း မိသားစုက အလှူငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မောက်မယ်မြို့ ဟိုနမ့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

လင်းခေး ဇွန် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင် ဦးဆောင်မှုဖြင့် မောက်မယ်မြို့နယ် ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့်အဖွဲ့များ လိုက်ပါလျက် ဟိုနမ့်ကျေးရွာအုပ်စုသို့ မေ၂၉ရက်မှ ဇွန်၃ရက်အထိ ဟိုနမ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ကွင်းဆင်းဆောင်ရွက်သည်။

ရှင်းလင်းပြောကြား

ခရိုင်ဥက္ကဋ္ဌသည် မေ ၃၀ရက်တွင် ဟိုနမ့်ကျေးရွာ အထကခန်းမ၌ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ မိမိတို့ကဏ္ဍအလိုက် ပြည်သူများအား အသိပညာပေး ဆွေးနွေးသည်။

ပေးအပ်

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးမှ လှူဒါန်းသည့် ကွန်ပျူတာနှင့် ပရင်တာတစ်စုံ၊ ဆေးရုံဓာတ်ခွဲခန်းသုံးပစ္စည်း ၁၅မျိုး၊ ဟိုနမ့်ဆည်ပြုပြင်ရေးအတွက် ငွေကျပ်သိန်း ၃၀တို့ကို ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အနောက်ပူးယာစန်း ဘုန်းတော်ကြီးကျောင်း၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဇွန် ၁ရက်က ကျေးရွာပြည်သူများအား ရှင်းလင်းပြီး ပူးယာစန်းမူလတန်းကျောင်းအတွက် ကျောက်သင်ပုန်း၊ စာသင်ခုံများ ပေးအပ်လှူဒါန်းသည်။ (ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ Lucky Dragon Hotel ဖွင့်ပွဲအခမ်းအနားကို ဇွန်၂၂ရက်က ပြည်မြို့ အမှတ်၇၇၂ ကမ်းနားလမ်း Lucky Dragon Hotel၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် Lucky Dragon Hotel မန်နေဂျင်းဒါရိုက်တာ ဦးသီဟဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ဝ၅၇)

လှူဒါန်း

အီရန်နိုင်ငံမှ ဘုန်းတော်ကြီး Ayatulla Sharukhi နှင့်Mr. Salar, Mr. Jazini တို့ မြန်မာနိုင်ငံရှိ ရှီအာသာသနာ့ပညာရှင်ဆရာ ဦးခင်မောင်ဦးနှင့်အတူ ဦးအေးလှထွန်းတို့ လိုက်ပါလျက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အထွေထွေ ရန်ပုံငွေအတွက် အလှူငွေကျပ်ငါးသိန်းကို ဇွန်၂၃ရက်က လှူဒါန်းရာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အမှုဆောင်များ လက်ခံယူကြစဉ်။ (က-ပ)

လေဘေးသင့်ခံ ပြည်သူများအတွက် ပစ္စည်းများလှူဒါန်း

ပဲခူး ဇွန် ၂၂

ပဲခူးမြို့နယ်လှည့်သာသနာပြု ပရဟိတအကျိုးတော်ဆောင် ဆရာတော် ဦးကိတ္တိအရှင်မြတ်သည် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကျေးရွာများမှ လေဘေးဒဏ်ခံရသော ပြည်သူများအတွက် ပဲခူးပရဟိတဆရာတော်ဦးကိတ္တိနှင့် တပည့်အလှူရှင်များ စုပေါင်းလှူဒါန်းသည့် တစ်ခေါက်လျှင် ငွေကျပ်သိန်း ၃၀၀တန်ဖိုးရှိ အထည်မျိုးစုံ၊ စားနပ်ရိက္ခာ၊ အိုးခွက်ပန်းကန်၊ တိုင်းရင်းဆေးဝါး၊ ကျောင်းသုံးဗလာစာအုပ်များကို မေ ၁၇ရက်၊ ၂၃ရက်၊ ၂၉ရက်နှင့် ဇွန် ၇ ရက်၊ ၁၄ရက်က လှူဒါန်းခဲ့ရာ စုစုပေါင်း ငါးကြိမ်မြောက်အတွက် ငွေကျပ်သိန်း ၁၅၀၀ဖိုး လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပရဟိတဆရာတော် ဦးကိတ္တိအရှင်မြတ်သည် ဇွန် ၁၉ရက်က ပဲခူးတိုင်း ကဝမြို့နယ် မမောက်ကျေးရွာ လေဘေးဒဏ်ခံရ၍ ပျက်စီးသွားသော မမောက်ဘုန်းတော်ကြီးကျောင်းသို့ ပစ္စည်းမျိုးစုံ ငွေကျပ်သိန်း ၅၀ဖိုး လှူဒါန်းခဲ့ကြောင်း သိရသည်။ (၁၆၇)

ရှင်းလင်းတင်ပြ

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့်အဖွဲ့ မေ ၂၅ရက်က ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၂)ရပ်ကွက် ယူကလစ်မြိုင်လမ်း ကျောက်ချောလမ်းခင်းဆောင်ရွက်မှုကိုကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးညွန့်ဝေနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မောင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဗန်းမော်မြို့၌ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုး

ဗန်းမော် ဇွန် ၂၂

ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၉ရက် နံနက် ၇နာရီက သာစည်ကျေးရွာ လမ်းမကြီးဘေးတွင် ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့သို့ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူပြီး တက်ရောက်လာသူများက ကြက်ဆူပျိုးပင် ၁၂၀၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။

(ခရိုင် ပြန်/ဆက်)

လောင်းလုံး ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းပွဲ့ဆွေးနွေး

လောင်းလုံး ဇွန် ၂၀

လောင်းလုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကို ဇွန်၁၁ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စန်းစန်းမြင့်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဖတ်ကြားဆွေးနွေး

အဆိုပါစာဖတ်ဝိုင်းကို စာထောက် (၃)အင်အားပြ ဒေါ်ဇင်ဖြူလွင်က မြန်မာ့အလင်း သတင်းစာပါ ဝဏ္ဏမင်းခေါင်၏ အချိန်မီပါသေးတယ် ဆောင်းပါးကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်ကေသီအောင်က ဒို့ကျေးရွာဂျာနယ် အတွဲ(၅) အမှတ်(၆)ပါ စာတည်းမှူး၏ ရပ်ရွာကောင်းအောင်ဆောင် ခေါင်းဆောင်အရေးကြီးသည် ခေါင်းကြီးပိုင်းကို လည်းကောင်း ဖတ်ကြားဆွေးနွေးကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြစ်ကမ်းထိန်းနံရံ

မြစ်ကမ်းထိန်းနံရံ လုပ်ငန်းဆောင်ရွက်နေမှုကို ဇွန်၄ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုကွင်းဆင်းစစ်ဆေးရာ ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဖားကန့်မြို့ ရေပေးရေး ရေစုကန်အတွင်းရေတင်ပို့

ဖားကန့် ဇွန် ၁၆

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းမှ ရေစုကန်အတွင်း ရေတင်ပို့မှုနှင့် ရေလွှတ်သည့်ပိုက်လိုင်းများ အခြေအနေကို ဇွန်၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်ကြီးကြပ်စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းထွန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	15(T)1/MR(E) 2008-2009	(1)60lb (BS)Fish Plate	7350 - Pairs
		(2)60lb (BS) Fish Bolts & Nuts with Two Spring Washers	29400 - Nos
(ခ)	၀၆/မမ/ပတ/ဘရိတ်တုံး/(CME) 2008-2009	စက်ခေါင်းနှင့် တွဲဘရိတ်တုံး	2400 - Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၁-၈-၂၀၀၈ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၄-၆-၂၀၀၈ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။ ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၉၈၅၈၃၊ ၂၉၁၉၉၄။

ဦးစိုးမိုးနှင့် အများသိစေရန် ရှင်းလင်းကြေညာချက်

၁၉-၆-၂၀၀၈ ရက်ထုတ် ရတနာပုံသတင်းစာပါ ဦးစိုးမိုး၏ကြေညာချက်အား ပြန်လည်ရှင်းလင်းပါသည်။

ကျွန်ုပ်၏အမှုသည် ဦးအောင်ချိုဦးသည် A.C.O Freight Service အမည်ဖြင့် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်တွင် လုပ်ငန်းလိုင်စင်ရယူပြီး နှစ်နှစ်ခန့် ရွှေချည်ထိုး၊ ပန်းပုလုပ်ငန်း လုပ်ကိုင်ခဲ့ခြင်းသာရှိပြီး ကုမ္ပဏီထူထောင်လုပ်ကိုင်ခဲ့ဖူးခြင်း မရှိပါ။

ရုပ်တုခြောက်မျိုးအား ရှေးဟောင်းသုတေသနဦးစီးဌာန၏ ခွင့်ပြုချက်ရယူပေးရန် ဦးစိုးမိုး၏ အကူအညီတောင်းခံခြင်းကို ကူညီဆောင်ရွက်ပေးခြင်းသာဖြစ်ရာ ခွင့်ပြုချက်မရသေးကြောင်း ၁၅-၅-၂၀၀၈ ရက်တွင် မန္တလေးမြို့ရှိ ကျွန်ုပ်၏အမှုသည် အလုပ်ခန်း၌ ဦးစိုးမိုးကို ရှင်းပြခဲ့ပြီးဖြစ်သလို ယင်းရုပ်တုများနှင့် ပတ်သက်၍ မည်သည့်နေ့ရက်ကမှ ငွေကြေးတစ်စုံတစ်ရာ ရယူခဲ့ခြင်းမရှိသည့်အတွက် ပြန်ရှင်းပေးရန်လည်း အကြောင်းမရှိကြောင်း သိစေလိုက်ပါသည်။

နောက်နောင် ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာထိပါးသည့် ဆောင်ရွက်မှုမျိုး ဆက်လက်လုပ်ဆောင်လာပါက တည်ဆဲဥပဒေတို့အရ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ရှင်းလင်းသိစေလိုက်သည်။

ဦးအောင်ချိုဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းလှိုင် (မောင်ရတနာ)LL.B တရားရုံးချုပ်ရှေ့နေ
အမှတ်-၄၂၊ သီရိရောလမ်း၊
၈ဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၅၇၇၀၁၁။

ကန်ပက်လက်မြို့၌ ကျောက်ချောလမ်းခင်း

ဟားခါး ဇွန် ၁၅

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် မေ ၂၈ရက် နံနက် ၉ နာရီက ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော မြို့ပတ်လမ်း အရှည်ပေ ၁၂၀၀၊ အကျယ်၁၀ပေနှင့် စွယ်တော်လမ်းအရှည် ပေ၈၀၀၊ အကျယ်၁၀ပေ ကျောက်ချောလမ်းခင်းပြီးစီးမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ကိုထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇန်နီလျန်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ခေတ္တညွှန်ကြားရေးမှူးက လိုအပ်သော ညှိနှိုင်းမှုများ ဖြည့်ဆည်းပေးကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရန်ကင်းခုဒ္ဒကနိကာယ်ကျောင်းဆောင်ပြုပြင်ရန် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘုတာရုံလမ်း ပဋ္ဌနိကာယသာသနာ့ဗိမာန် ကျောင်းတိုက်ရှိ ခုဒ္ဒကနိကာယ်ကျောင်းဆောင် ပြန်လည်ပြုပြင်ရန်အတွက် အမှတ်(၁၄၅) ၄၇လမ်း ဗိုလ်တထောင်မြို့နယ်နေ ဆရာကြီး ဦးမောင်ဥာဏ်(ဩသဓဆေးတိုက်)မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာအသင်းဥက္ကဋ္ဌဦးသောင်းလွင် လက်ခံယူသည်။(**အပေါ်ပုံ**)

လှူဒါန်းနိုင်

ခုဒ္ဒကနိကာယ်ကျောင်းဆောင်အတွက် ကုသိုလ်ယူ လှူဒါန်းလိုကြသော မူလအလှူရှင်များနှင့် အခြားအလှူရှင်များ နိကာယ်အသင်းရုံး ဖုန်း-၀၁-၅၆၄၄၅၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော စေတုတ္တရာမြို့ မြို့ဝင်ဆိုင်းဘုတ်သစ်ကို အငယ်တန်းအင်ဂျင်နီယာ(၃)ဦးဟန်မင်းထွန်း တာဝန်ယူ ဆောင်ရွက်ရာသို့ မေ ၂၈ရက်က အမှုဆောင် အရာရှိ ဦးအောင်ကိုကို ကြပ်မတ်ပေးစဉ်။

(မြို့နယ်စည်ပင်)



ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ ဝန်ထမ်းတစ်နေရာ - မ(၁)ဦး
(က) အသက် - ၂၇နှစ်အောက်
(ခ) ပညာအရည်အချင်း - ဘွဲ့တစ်ခုခုရှိရမည်။
(ဂ) အင်္ဂလိပ် - အရေး၊ အဖတ်၊ အပြောကျွမ်းကျင်ရမည်။
(ဃ) ကွန်ပျူတာ - ကျွမ်းကျင်ရမည်။
(င) ရုပ်ရည် - သန့်ပြန့်သူဖြစ်ရမည်။
(စ) အိမ်ထောင်ရေး - အိမ်ထောင်မရှိသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။
(ဆ) အခမ်းအနားမှူး - အင်္ဂလိပ်၊ မြန်မာနှစ်မျိုးလုံးဖြင့် အခမ်းအနားမှူး လုပ်နိုင်သူအား ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ပိုင်လျှောက်လွှာ၊ ကိုယ်ရေးမှတ်တမ်း၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ၈-၇-၂၀၀၈ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

International Business Centre(IBC)Co.,Ltd.
အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန
(အိုင်ဘီစီ)ကုမ္ပဏီလီမိတက်
အမှတ်(၈၈)၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

အောင်ချမ်းမြေ့
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ် ၁၆၊ တတိယလွှာ (ပွင့်ရွှေလင်းတာယာနှင့် အလှိုင်းဗိုး ရောင်းဝယ်ရေးဆိုင်အပေါ်ဆုံးထပ်)
ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၃၄၇၃၃၊ ၅၃၄၈၈၃
Open (AM-7:00 to PM-9:00) ပိတ်ရက်မရှိပါ။

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြ သင်ကြားပေးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန် အဓိက သင်ကြားပေးသည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်အောင် သင်ပေးသည်။ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရေး ကူညီမည်။ သင်တန်းဆင်း အောင်လက်မှတ်ထုတ်ပေးသည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းသွင်းထားပါ။

စာရွက်စာတမ်း+ လက်တွေ့အပြီးအစီး -ပ-အရစ်-၁၅၀၀၀/-, ဒု-အရစ်-၁၀၀၀၀/-, တ-အရစ်-၁၀၀၀၀/-] -၃၅၀၀၀/-

အပတ်စဉ် (၄၇၈) တစ်လပြတ် အထူးသင်တန်း
၂-၇-၂၀၀၈ရက်စမည်။ တနင်္လာမှ သောကြာအထိ
Section(1) 09:00AM to 12:30PM (16) ဦး
Section(2) 01:30PM to 04:30PM (16) ဦး

အပတ်စဉ် (၄၇၉) နှစ်လပြတ် အထူးသင်တန်း
၃-၇-၂၀၀၈ ရက်စမည်။ ကြာသပတေးနှင့် သောကြာ

အပတ်စဉ် (၄၈၀) ၅-၇-၂၀၀၈ ရက်စမည်။ စနေနှင့် တနင်္ဂနွေ
Section(1) 09:00AM to 12:30PM (16) ဦး
Section(2) 01:30PM to 04:30PM (16) ဦး

အပတ်စဉ် (၄၈၁) သုံးလပြတ် အထူးသင်တန်း
၆-၇-၂၀၀၈ ရက်စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ
Section(1) 08:00AM to 12:30PM (16) ဦး
Section(2) 01:30PM to 05:30PM (16) ဦး

အပတ်စဉ် (၄၈၂) နှစ်ပတ်အပြီးဝွတ်ရှယ် အထူးသင်တန်း
၇-၇-၂၀၀၈ ရက်စမည်။ တနင်္လာမှ သောကြာအထိ
09:00AM to 04:30PM (16) ဦး

အပတ်စဉ် (၄၈၃) တစ်လပြတ် (ညပိုင်း အထူးသင်တန်း)
၇-၇-၂၀၀၈ ရက်စမည်။ တနင်္လာမှ သောကြာ(နေ့စဉ်)
Section(1) 04:00PM to 06:00PM (16) ဦး
Section(2) 05:00PM to 07:00PM (16) ဦး
Section(3) 06:00PM to 08:00PM (16) ဦး

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်-၂၇၇၂၂၈သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

မောင်မြင့်သောင်း
ဖုန်း-၀၉-၅၁-၄၅၈၂၂။

သင့်သွေးဖြင့် အသက်ကယ်ပါ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၇၆၂၉၉ Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော်ဟိန်း မှတ်ပုံတင်အမှတ် ၈/မကန(နိုင်)၁၄၆၅၀၃က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)။**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ၉လမ်း အမှတ်(၁၂) မြေတိုင်းရပ်ကွက်-၄(ဘီ) မြေကွက်အမှတ်၃၆၅ ဧရိယာစတုရန်းပေ ၁၂၅၀ ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ထားသည့် ဦးတင်လှ ၁၂/ဗတထ(နိုင်)၀၀၃၆၁၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် စာချုပ်စာတမ်း အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မိုး(ကော့မှူး)
အထက်တန်းရှေ့နေ(စဉ်-၂၂၅၉၃)
အခန်း-၁၁/၁၂(အေ)၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ
လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမအထွေထွေမှုအမှတ်-၆၅
ကွယ်လွန်သူဦးမျိုးမင်းသိန်း၌ ကျန်ရှိသော ပစ္စည်းအကြောင်း

ဒေါ်စန္ဒာ **လျှောက်ထားသူ**

အမှတ်(၇၄) အခန်း ၂/အေ ပွဲစားလမ်း အိုးဘိုရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့နေ ဒေါ်စန္ဒာက ကွယ်လွန်သူ ဦးမျိုးမင်းသိန်း၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူဦးမျိုးမင်းသိန်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြေညာသည်မှာ ၎င်းကွယ်လွန်သူ ဦးမျိုးမင်းသိန်းမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၈ခုနှစ် ဇူလိုင် ၇ရက် (၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၅ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူဒေါ်စန္ဒာ၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၈ခုနှစ် ဇွန် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးလွင်
ဒုတိယခရိုင်တရားသူကြီး (၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၆၁၂

၁။ ဦးတင်ထူး **နှင့်** ၁။ ဦးကျော်မြင့်(ခ)မိုဟာမက်ဟာရှိန်း
၂။ ဒေါ်မြင့်မြင့်အေး ၂။ ဒေါ်ဆွေဆွေမြင့်
အမှတ် ၂၃၊ ၁၅၆လမ်း၊ (က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။
၃။ ဒေါ်ဝင်း(ခ)ဒေါ်ဝင်းမာ (ခ)မမာဘီယာခါတု
အမှတ်၁၈၊ (အပေါ်ဆုံးထပ်)၊ လမ်း၁၂၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၄။ ဦးစံသိန်း
အမှတ် ၉၊ နေမျိုးသူရလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၅။ ကိုစန်းဝင်း
ဝင်းမိသားစုဆောက်လုပ်ရေး၊ အမှတ်၇၅၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

တရားလိုများ **တရားပြိုင်များ**

အထက်အမည်ပါသူ(၁) တရားပြိုင် ဦးကျော်မြင့်(ခ)မိုဟာမက်ဟာရှိန်း (၂) ဒေါ်ဆွေဆွေမြင့် (၅) ကိုစန်းဝင်း (ယခုနေရပ်လိပ်စာမသိသူ) များသိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဇူလိုင် ၁၄ရက် (၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၉း၃၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်း အစရှိသည်များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဇွန် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းထွေး(တ/၁၆၈၅)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

＊ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

＊ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လေဘေးသင့် ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေလှူဒါန်း

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ယနေ့နံနက် ၁၀နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် ကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု ရွာလည်ချောင်းကျေးရွာရှိ အိမ်ထောင်စု ၁၂၂ စုနှင့် မိဘမဲ့ကလေး ခြောက်ဦးတို့အတွက် တစ်အိမ်ထောင်လျှင် မီးဖိုချောင်သုံး အိုးခွက်၊ ပန်းကန်၊ ဇွန်း၊ ခက်ရင်း၊ ဓား(စတီးပစ္စည်းစုံ)၊ ဆပ်ပြာ၊ ဖိနပ်၊ ရေသန့်ဆေးပြား၊ ရေဘူး၊ စောင်၊ သကြား၊ အိုဗာတင်းနှင့် ဓာတ်ဆားမှုန့်တို့ကို လည်းကောင်း၊ ကျေးရွာမူလတန်းကျောင်းအတွက် တာပေါ်လင်များကိုလည်းကောင်း လက်ဝယ်အရောက် သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဆေးအကာကွယ်ပေးရေးအထူးအဖွဲ့က ဘိုကလေးမြို့နှင့် ကျေးရွာများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိ

မောင်မောင်ထွေး(သတင်းစဉ်)၏ သတင်းဆောင်းပါး စာ - ၁၂